

mgyi.com SAMPLE BOOK

# လက်ဖက်ရည်ဆိုင်ထဲက ဒိုင်

## မိုးကျော်ရင်



mgyoe.com SAMPLE BOOK



လက်ဖက်ရည်ဆိုင်
ထဲက
ဒိုင်

မိုးကျော်ခင်

ISBN 978-99971-44-35-5
K0422
9 789997 144355 >

mgyoe.com

mgyoe.com SAMPLE BOOK


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဩဂုတ်လ၊ ၂၀၂၀ ပြည့်နှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက်(၀၀၂၉၀)
အမှတ်-၄၆၊ ၄၆ လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - ဦးအောင်ဇော်ထွန်း၊ ပုံရိပ်ရှင်ပုံနှိပ်တိုက်(၀၀၈၃၆)
အမှတ်-၈၊ အိမ်ကြီးလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော် - ဇော်မောင်


တန်ဖိုး - ၆၀၀၀


mgyoe.com

mgyoe.com SAMPLE BOOK

# လက်ဖက်ရည်ဆိုင်ထဲက အိမ်

မိုးကျော်ဇင်



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## စာအုပ်တစ်အုပ်၊ လက်ဖက်ရည်ဆိုင်တစ်ဆိုင်နှင့် စစ်ပွဲကလေးများ

### ( ၁ )

အနုပညာပစ္စည်းတွေဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန် ဓာတ်ပြုတတ်ကြပါတယ်။ ဒါကို မိတ်ဆွေ လက်ခံနိုင်မှာလား။ ဒါမှမဟုတ် ငြင်းဆန်လိုက်မှာလား။ ဘယ်လိုပဲ ဖြစ်ဖြစ် အဲဒါဟာ မိတ်ဆွေရဲ့ ကိုယ်ပိုင်အခွင့်အရေး ဖြစ်ပြီး ဒီစာအုပ်လေး အကြောင်း ပြောပြဖို့ကတော့ ကျွန်တော့် ရည်ရွယ်ချက် ဖြစ်ပါတယ်။

ဒီ "လက်ဖက်ရည်ဆိုင်ထဲက အိမ်" ဝတ္ထုကို ရေးဖြစ်ဖို့ ကျွန်တော့်ကို အမိက လှုံ့ဆော်တဲ့ အရာနှစ်ခု ရှိပါတယ်။ အဲဒါတွေက စာအုပ်တစ်အုပ်နဲ့ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ပါပဲ။

လွန်ခဲ့တဲ့ ၂ နှစ်လောက်က ဆရာဦးဝင်းငြိမ်း ဘာသာပြန်တဲ့ နိုဗယ်ဆုရ အီဂျစ်ဝတ္ထု "အစနဲ့ အဆုံး" ကို ဖတ်ရပါတယ်။ အစိုးရဌာန တစ်ခုက အလယ်အလတ်တန်း အရာရှိတစ်ယောက်ဖြစ်တဲ့ ဖခင်ကွယ်လွန်သွားပြီးနောက် ကျန်ရစ်ခဲ့တဲ့ မိသားစုအခြေအနေကို ရေးဖွဲ့ထားတာပါ။ "စစ်နဲ့ ငြိမ်း ချမ်းရေး" လို

mgyoe.com

mgyoe.com SAMPLE BOOK

ကြီးမားတဲ့ သမိုင်းဇာတ်အိမ်ကြီးမျိုးနဲ့ နောက်ခံတည် ဖွဲ့ထားတာ မဟုတ်ပါဘူး။ အိမ်ထောင်ဦးစီး ရုတ်တရက် ကွယ်လွန်သွားတဲ့ အိမ်တစ်အိမ်ထဲက ကျန်ရစ်သူ မိသားစုဝင် ၄ ဦးရဲ့ သူတို့ကိုယ်တိုင်၊ သူတို့ အချင်းချင်း၊ သူတို့နဲ့သူတို့ ပတ်ဝန်းကျင် ကြားက စစ်ပွဲကလေးတွေရဲ့ အကြောင်းပါပဲ။

ကျွန်တော်ကိုယ်တိုင်လည်း ဒီလိုစစ်ပွဲကလေးတွေမှာ ပါဝင် တိုက်ခိုက်ခဲ့ဖူးပါတယ်။ ကျွန်တော် ၁၈ နှစ်သား အရွယ်မှာ ကျွန်တော့်ဖေဖေ ရုတ်တရက် ကွယ်လွန်သွားခဲ့တဲ့နောက် လောကဓံ စစ်တပ်တွေဟာ စစ်အင်္ဂါ မစုံတော့တဲ့ ကျွန်တော်တို့ မိသားစုကို အကြိမ်ကြိမ် ထိုးစစ်ဆင်ခဲ့ဖူးပါတယ်။ တကယ်တော့ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာလည်း ဒီလိုစစ်ပွဲမျိုးလေးတွေ ရှိနေခဲ့၊ ရှိနေဆဲပါပဲ။ ပြောရရင် ကျွန်တော်တို့အတွက် သိပ်ထူးဆန်းတဲ့ အကြောင်းအရာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒါဟာ အဝေးကြည့် မှတ်ချက်မျှသာ ဖြစ်ပါတယ်။ အနီးကပ် တိုးရွှေ့သွားမယ် ဆိုရင်တော့ စောစောက သုံးသပ်ခဲ့တဲ့ အဝေးကြည့် မှတ်ချက်နဲ့တင် မလုံလောက်တော့ဘူး ဆိုတာ ကျွန်တော်တို့ သိရှိ လာမှာပါ။ " အစနဲ့ အဆုံး " ဟာ အဲဒီလို ဝတ္ထုမျိုးပါပဲ။

ဒီစာအုပ်ကို ဖတ်ရတဲ့အခါ မေ့လျော့နေတဲ့ အချက်အလက် တချို့ကို ကျွန်တော် ပြန်သတိရပါတယ်။ အိပ်ပျော်နေတဲ့ ခံစားချက်တချို့လည်း နိုးထ လာခဲ့ပါတယ်။ ပြီးတော့ လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်ကိုလည်း ပြန် မြင်ယောင်လာပါတယ်။

## ( ၂ )

လက်ဖက်ရည်ဆိုင် ဆိုပေမယ့် ရန်ကုန်မြို့ကြီးရဲ့ လမ်းသွယ်လေး တစ်လမ်း ဘေးက ဆိုင်လေးပါ။ တာလပတ်အမိုး၊ တာလပတ်အကာနဲ့ တည်ဆောက်ထားတဲ့ ဆိုင်လေး။ အဲဒီဆိုင်လေးထဲမှာ မိသားစုတစ်စုနဲ့အတူ အဆင်မပြေမှု တချို့လည်း နေထိုင်ကြပါတယ်။

အဲဒီတုန်းက ကျွန်တော်ဟာ ရန်ကုန်မြို့ကြီးရဲ့ အသစ်စက်စက် ဧည့်သည်လေးအဖြစ် အဆောင်တစ်ခုမှာ ခိုတွယ်နေရချိန်ပေါ့။ မနက်မိုးလင်းလို့ အဆောင်အောက်ကို ဆင်းလိုက်တာနဲ့ အဲဒီလက်ဖက်ရည်ဆိုင်လေးရဲ့ တံစက်မြိတ် ကို တန်းရောက်သွားတော့တာပဲ။ နေ့လယ်ပိုင်း အားလပ်ချိန်တွေ ဆိုလည်း

mgyoe.com

mgyoe.com SAMPLE BOOK


အဲဒီဆိုင်လေးကို ရောက်၊ ညဦးပိုင်း လူစုံချိန်ဆိုလည်း အဲဒီဆိုင်လေးမှာ ဝိုင်းဖွဲ့ကြပေါ့။

ကျွန်တော် အဆောင်က ထွက်ခွာခဲ့ပြီး ဆယ်စုနှစ် တစ်ခုလောက်ကြာတော့ အဲဒီလက်ဖက်ရည်ဆိုင်လေး မရှိတော့ဘူး ဆိုတာ ကြားသိခဲ့ရပါတယ်။ ဘာကြောင့်၊ ဘယ်တုန်းက၊ ဘယ်သူတွေ၊ ဘာဖြစ်သွားတယ် ဆိုတဲ့ အချက်အလက်တွေကိုပါ ကြားသိခဲ့ရတာပါ။

နောက်ထပ် နှစ်အနည်းငယ် ထပ်ကြာတဲ့အထိ ကျွန်တော် အဲဒီလက်ဖက်ရည်ဆိုင်လေးကို တစ်ခါတစ်ရံ သတိရတတ်ပါတယ်။ နောက်ပိုင်း လုံးဝ မေ့လျော့သွားခဲ့ပါတယ်။ ဆရာဦးဝင်းငြိမ်းရဲ့ "အစနဲ့ အဆုံး" ဘာသာပြန် ဖတ်ပြီး သွားချိန်မှာတော့ ကျွန်တော် မေ့လျော့နေခဲ့တဲ့ အဲဒီလက်ဖက်ရည်ဆိုင်လေးကို ပြန်လည် သတိရခဲ့ပါတယ်။ သူတို့ရဲ့ လူမသိ သူမသိ စစ်ပွဲကလေးတွေကိုလည်း တွေးတော ဆင်ခြင်မိတယ်။ ဒီလိုအခြေအနေတွေကပဲ ကျွန်တော့်ကို ဒီဝတ္ထု ရေးဖြစ်အောင် လှုံ့ဆော် တိုက်တွန်းခဲ့တာပါ။ ဒီလို အခြေအနေတွေကပဲ လည်ပင်းရှည်ရှည်၊ ပိန်ညှောင်ညှောင် ကောင်လေးရဲ့ ဝိညာဉ်က ကျွန်တော့်ကို ပူးကပ်စေခဲ့တာပါ။

(၃)

ကျွန်တော် ဒီဝတ္ထုကို ရေးပြီးတော့ စာဖတ်နာသူတွေနဲ့ စာပေလောကထဲက မိတ်ဆွေတွေ၊ ညီအစ်ကို၊ မောင်နှမတစ်တွေကို ပေးဖတ်ကြည့်ဖို့ စိတ်ကူးရပါတယ်။ တကယ်တော့ ထုတ်ဝေသူဆီ မပို့ခင် အကြိုအယ်ဒီတာတွေအဖြစ် အကူအညီ တောင်းတာပါပဲ။ ကံကောင်းချင်တော့ ဆရာမ ကြည်ဇင်ဖှင်းဆီ ဖတ်ကြည့်ပေးဖို့ အကူအညီ တောင်းရာက ဆရာမကတစ်ဆင့် ဆရာကြည်မင်းဆီ ဒီဝတ္ထုစာမူ ရောက်သွားခဲ့ပါတယ်။ ဆရာကလည်း သေသေချာချာ ဖတ်ပြီး အီးမေးလ်ကတစ်ဆင့် ကျွန်တော့်ဆီ မှတ်ချက် ရေးပို့ပေးခဲ့ပါတယ်။ ပြီးတော့ ဆရာမ အဖြူရောင်(ရွှေ)နဲ့ ဆရာမဆေးဆေ တို့သာမက ကျွန်တော့်ဦးလေး တစ်ယောက် ဖြစ်တဲ့ ကိုမျိုးဝင်းကလည်း ဖတ်ရှု ဝေဖန် ထောက်ပြပေးခဲ့ကြပါတယ်။ ဒီလို ချစ်ခင်လေးစားရသူတွေရဲ့ မှတ်ချက်တွေ၊ ထောက်ပြချက်တွေဟာ ဒီဝတ္ထုအပေါ် အကျိုးသက်ရောက်မှုတွေ ရှိခဲ့တာ အသေအချာပါပဲ။ ဒါကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK

"လက်ဖက်ရည်ဆိုင်ထဲက အိမ်" ဝတ္ထုနဲ့ ပတ်သက်ပြီး ပြောရရင် ဒီနာမည်တွေကို ကျွန်တော် မေ့ထားလို့ မဖြစ်ပါဘူး။

ကျွန်တော့်ကို စာပေလောကမှာ မိဘ လူကြီးသဖွယ် အရိပ်မိုးပေးကြတဲ့ ဆရာဦးဝင်းငြိမ်း၊ ဆရာဖူးကျော်၊ ကျွန်တော့်ကို ရင်သန်ခွင့် ပေးခဲ့ကြတဲ့ အယ်ဒီတာတွေ၊ ဖတ်ညွှန်းဆရာတွေနဲ့ ထုတ်ဝေသူ အစ်မ မပိုင်း(ကံ့ကော်ဝတ်ရည်စာပေ) တို့နဲ့အတူ ဒီစာအုပ် ထွက်ပေါ်လာစေဖို့ အသီးသီး ထည့်ဝင်ခဲ့ကြသူ ပုဂ္ဂိုလ်အားလုံးကို ကျေးဇူးတင်ရပါတယ်။ ကျွန်တော့်ကို စာရေးသူတစ်ယောက်ရဲ့ ဗီဇနဲ့အတူ ရင်သန်ခွင့် ပေးကြတဲ့ မိဘ၊ ညီအစ်ကို၊ မောင်နှမတွေနဲ့ ချစ်ဇနီးတို့ကို သာမက ကျွန်တော့်စာတွေကို တခုတ်တရ အားပေး ဖတ်ရှုကြတဲ့ စာဖတ်သူ မိတ်ဆွေအပေါင်း၊ ဖေ့စ်ဘွတ်ခ်မှာ ကျွန်တော် ရေးသမျှ စာအုပ်တွေကို ဓာတ်ပုံတွေနဲ့တကွ အညွှန်းရေးကြတဲ့ မိတ်ဆွေအပေါင်းတို့ကိုလည်း ကျေးဇူးအထူးတင်ရှိရပါကြောင်း ဒီနေရာက ပြောကြားလိုက်ပါတယ်။

အားလုံးကို လေးစားလျက်
မိုးကျော်ဇင်

mgyoe.com

mgyoe.com SAMPLE BOOK


# ( နိဒါန်း)

ရန်ကုန်မြို့ရဲ့ လမ်းတစ်လမ်းဘေးမှာ လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင် ရှိပါတယ်။ အဲဒီ လက်ဖက်ရည်ဆိုင်လေးထဲမှာ မရှိခြင်းများစွာ ပိုင်ဆိုင်ထားတဲ့ အိမ်လေးတစ်အိမ် ရှိပါတယ်။ အဲဒီအိမ်လေးထဲမှာ ဆယ်ကျော်သက်အရွယ် ကောင်လေးတစ်ယောက်လည်း ရှိတယ်။ အဲဒီကောင်လေးကလည်း မရှိခြင်းများစွာကို ပိုင်ဆိုင်ထားပါတယ်။

ဒီအကြောင်းတွေဟာ မရှိခြင်းများစွာကြောင့် ရှိလာခဲ့ခြင်း ဖြစ်ပါတယ်။ ဆိုလိုတာက "မရှိခြင်း" မှာလည်း "ရှိခြင်း" တွေ ရှိတယ် ဆိုတာပါပဲ။

●

mgyoe.com



mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# လမ်းဟောင်းထဲက ကြွေရွက်များ

ကားပေါ်က ဆင်းတာနဲ့ လမ်းမကြီးကို ဖြတ်မကူးခင် ကားမှတ်တိုင်လေးကို သေချာ ပြန်ကြည့်နေမိတယ်။ တယ်လီဖုန်း ဆင်းကတ် ကြော်ငြာတွေနဲ့ အလှ ဆင်ထားတာကလွဲလို့ ဘာမှ သိပ်ပြောင်းလဲသွားသေးတာမှ မဟုတ်တာ။ လူလေး၊ ငါးယောက်လောက် မတ်တတ်ရပ်လိုက်ရုံနဲ့ ကျဉ်းကျပ် သွားတတ်တဲ့ အမိုးကုပ်ကုပ်ကလေး။ တွေ့သမျှ နေရာလွတ်တွေမှာ အဆင်ပြေသလို ကပ်ထားကြတဲ့ ဘော်ဒါဆောင် ကြော်ငြာစာရွက်တွေ၊ ကွန်ပျူတာသင်တန်းနဲ့ အင်္ဂလိပ်စကားပြောသင်တန်း ကြော်ငြာစာရွက်တွေနဲ့ ရေတမာပင်တန်းလေးတွေကတော့ အရင်အတိုင်းပါပဲ။

ပလက်ဖောင်းဘေးမှာ အစီအရီ မတ်တတ်ရပ်နေကြတဲ့ ရေတမာပင်လေးတွေမှာ မျက်စိတွေ ပါခဲ့ရင် ကျွန်တော့်ကို မှတ်မိကြမှာလား။ ကားမှတ်တိုင်လေးသာ အသက်ရှိခဲ့ရင်ကော ကျွန်တော့်ကို နှုတ်ဆက်ဦးမှာလား။ ညနေ ၅ နာရီလောက်ဆိုရင် ဒီနေရာလေးမှာ လမ်းဘေးလက်ဖက်ရည်ဆိုင်

mgyoe.com

mgyoe.com


လေးတစ်ဆိုင် ပေါ်လာဦးမှာလား။ အဲဒီလက်ဖက်ရည်ဆိုင်လေးမှာ စားပွဲ တစ်ဝိုင်းကနေ တစ်ဝိုင်း ကူးသန်းနေတတ်တဲ့ ခြေတံရှည်ရှည်၊ လည်ပင်း ရှည်ရှည်နဲ့ ပိန်ညှပ်ညှပ်ကောင်လေး တစ်ယောက်ကော ပြန်ပေါ်လာဦးမှာလား။

အဖြေမရှိတာ သေချာနေတဲ့ မေးခွန်းတွေကို ပွေ့ပိုက်ရင်း ကျွန်တော် ကားလမ်းဖြတ်ကူး လိုက်ပါတယ်။

လမ်းမတစ်ဖက်ကို ရောက်တာနဲ့ ကျွန်တော့်ရင်ခုန်သံတွေ မြန်လာ ပါတယ်။ ဒါမှမဟုတ် အခုမှ ရင်စခုန်တာမျိုးလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဦးနှောက်က ထိန်းချုပ်နေတာ မဟုတ်ဘဲ တစ်လှမ်းပြီးတစ်လှမ်း အလိုလို ရွေ့လျားနေတဲ့ ကျွန်တော့်ခြေထောက်တွေကို ကျွန်တော် ပြန်အံ့သြ နေမိပါ တယ်။ နွားတွေဟာ မိုးဦးလေဦးအချိန်ဆိုရင် သူတို့ ချည်တိုင်ဟောင်းကို ပြန်သတိရတတ်ကြတယ်တဲ့။ နှစ်တွေ ကြာပေမယ့် အခွင့်အရေးရတာနဲ့ သူတို့ ချည်တိုင်ဟောင်းကို ပြန်လာတတ်ကြတယ် တဲ့။ ဒီအချိန်ဟာ ကျွန်တော့်ရဲ့ ရှည်လျားလှတဲ့ မိုးဦး လေဦးကာလပါပဲ။ ကျွန်တော်ကိုယ်တိုင်ကလည်း ချည်တိုင် ဟောင်းကို ပြန်သတိရနေတဲ့ နွားတစ်ကောင်ပါပဲ။ အခုတော့ နှစ်ပေါင်းများစွာ လွင့်ခဲ့ရတဲ့ နွားတစ်ကောင်ဟာ သူ့ချည်တိုင်ဟောင်း နေရာကို ပြန်လာခဲ့ပြီလေ။

လမ်းထိပ်ရောက်တော့ အရင်ဆုံး တွေ့လိုက်ရတာက ဗာဒံပင် အောက်က ဆိုက်ကားဂိတ်။ ဆိုက်ကားဂိတ်ဘေးက ပလက်ဖောင်း ထောင့်ချိုး လေးမှာတော့ အထမ်းလေးချပြီး ဆိုင်ခင်းထားတဲ့ ဝက်သား တုတ်ထိုးသည်။ ဝက်သားတုတ်ထိုးသည်ဆီက ဝက်သားနံ့မွှေးမွှေးကို လျစ်လျူရှုပြီး ဆိုက်ကား ဂိတ်က ဆိုက်ကားဆရာတွေဟာ သူတို့ဆိုက်ကားပေါ်မှာပဲ တချို့က ဘောလုံး ဂျာနယ်တွေ ဖတ်လို့။ တချို့က လမ်းကို ငေးလို့။ တချို့က ဦးထုပ်ဟောင်းလေး တွေ မျက်နှာပေါ် အုပ်ပြီး မှိန်းလို့၊ အရင်လို လက်တောက်ခုံလည်း မရှိတော့ဘူး။ ကျားကစားတဲ့ ဝိုင်းလည်း မရှိတော့ဘူး။ မြေပြင်ပေါ်က ဗာဒံရွက်ကြွေတွေ ကတော့ အရင်အတိုင်းပါပဲ၊ ဝါရော်လို့။ လေနဲ့ ထိတွေ့လိုက်တာနဲ့ လူူပ်ရွေ့လို့။

ကျွန်တော် သိခဲ့ဖူးတဲ့ ဆိုက်ကားဆရာတွေရဲ့ မျက်နှာတွေကို လိုက်ရှာ ကြည့်မိပါတယ်။ ဆိုက်ကားတစ်စီးပြီး တစ်စီး၊ မျက်နှာတစ်ခုပြီး တစ်ခု။ မတွေ့ပါဘူး။ ဒီနှစ်တွေ အတောအတွင်း ပြောင်းလဲခြင်း ရေစီးက ကျွန်တော် တစ်ယောက်တည်းကိုပဲ ရွေးချယ် တိုက်စားသွားတာမှ မဟုတ်တာ။ ကျွန်တော်က

mgyoe.com

ချစ်ရသူတွေ၊ ကျွန်တော့်ကို ချစ်တဲ့သူတွေနဲ့ ကျွန်တော် မသိတဲ့ လူတွေအပါအဝင် တခြားသက်ရှိ၊ သက်မဲ့တွေကိုပါ တိုက်စားသွားခဲ့တာပဲ။

ဆိုက်ကားဂိတ်ကို ကျော်ဖြတ်ပြီး လမ်းကလေးထဲ လျှောက်ဝင်လာခဲ့တယ်။ လမ်းကလေး က အရင်လို ကတ္တရာသားတွေ မရှိတော့တဲ့ ကျောက်ခဲလမ်း အပေါက်အပြဲလေး မဟုတ်တော့ဘူး။ ကားတစ်စီး ဖြတ်သွားတိုင်း၊ လေတစ်ချက် ဝင်မွှေသွားတိုင်း ဖုန်မှုန့်တွေ တထောင်းထောင်း ထ,ကျန်မနေရစ်ခဲ့တော့ဘူး။ ကွန်ကရစ်လမ်း အသစ်လေးနဲ့ ဖြစ်နေပြီ။ ပြီးတော့၊ ပြီးတော့ လမ်းဘေး ဆိုင်တန်းလေးတွေလည်း မရှိတော့ဘူး။ တစ်ချိန်က တာလပတ် အမိုးရှည်ရှည် ကြီးအောက်က လမ်းဘေးဆိုင်တန်းလေးတွေ နေရာမှာ အခုတော့ ကျွန်တော် တန်ဖိုး မမှန်းဆတတ်တဲ့ ကားလေးတွေ အစီအရီ ထိုးရပ်ထားကြတယ်။ လမ်းဘေးဆိုင်တန်းလေးတွေ မရှိတော့တဲ့ ကားပါကင်နေရာကို ကြည့်ရင်း ကျွန်တော့်ရင်ထဲက အသက်ရှင်သန်ရေးအတွက် အဓိကကျတဲ့ အစိတ်အပိုင်း တွေကို ဆွဲထုတ်ခံလိုက်ရသလို ခံစားရတယ်။

အစိုးရရုံးကြီးကတော့ အရင်အတိုင်းပဲ။ ဒါပေမဲ့ ဝါကြင့်ကြင့် သူ့ နံရံကြီး တစ်ဖက်ကို ကျောမှီထားကြတဲ့ ဆိုင်တန်းလေးတွေ ဘယ်ကို ရောက်သွား ကြပါလိမ့်။ အဆောက်အအုံတစ်ခုရဲ့ နံရံကြီးကို ကျောမှီပြီး ရပ်တည် ရှင်သန် နေကြတဲ့ ဘဝတွေကကော ဘယ်ရောက်သွားကြပါလိမ့်။ ကျွန်တော့် မျက်လုံး တွေထဲမှာ ဟာလာဟင်းလင်း ဖြစ်နေတဲ့ ကွင်းပြင်ကြီးတစ်ခုရဲ့ တစ်စိတ်တစ်ပိုင်း ကို မြင်နေရသလိုပဲ။ ဒါဟာ မမျှော်လင့်ဘဲ တွေ့လိုက်ရတဲ့ အခြေအနေတော့ မဟုတ်ဘူး။ ကြိုတင် မျှော်လင့်ထားတဲ့ အခင်းအကျင်းမျိုးပါ။

ဆိုင်တန်းလေးတွေနဲ့ မျက်နှာချင်းဆိုင်က ဆောက်လုပ်ရေး လုပ်ငန်း ခွင်ကြီးကတော့ အပြီးသတ်သွားပါပြီ။ ဒါပေမဲ့ အသက်တော့ မဝင်သေးဘူး။ တောက်ပတဲ့ နံရံတွေမှာ တင်းတင်းစေ့ထားတဲ့ မှန်ပြတင်းပေါက်တွေက ဂုဏ်မာန်မြင့်သူတစ်ဦးရဲ့ မျက်လုံးတွေလို ကျွန်တော့်ကို အပေါ်စီးက ကြည့်နေ တဲ့အတိုင်း။

ကိုဂျူးရဲ့ ကွမ်းယာဆိုင်၊ မကြီးသီတာတို့ အသုပ်ဆိုင်၊ ကျွန်တော်တို့ရဲ့ လက်ဖက်ရည်ဆိုင်၊ ပြီးတော့ ကိုသေးလေးရဲ့ လက်ဖက်ရည်ဆိုင်။ တာလပတ် အမိုး ရှည်မျောမျောကြီးအတိုင်း ရုံးနံရံကြီးကို ကပ်တွယ်ထားတဲ့ ဆိုင်ခန်း လေးတွေ...။ ပကတိမျက်လုံးနဲ့ မမြင်ရတော့ပေမယ့် ကျွန်တော့် စိတ္တဇ မျက်လုံးထဲမှာတော့ ဖျက်မရတဲ့ တက်တူးရုပ်တွေပေါ့။

mgyoe.com

mgyoe.com

တကယ်တမ်းမှာတော့ ကန္တာရကြီးတစ်ခုကို အဝေးက လှမ်းမြင်နေရသလို ဖြစ်နေတယ်။

"ကလင်... ကလင်... ကျွီ ..."

အနီးကပ် တီးလိုက်တဲ့ ဘဲလ်သံနဲ့ ဘရိတ်ဆွဲအုပ်သံ။ ကျွန်တော် ရုတ်တရက် လန့်သွားပြီး ဒေါသနဲ့ လှမ်းကြည့်လိုက်တယ်။ ကျွန်တော် ကြည့်လိုက်တော့ ဆိုက်ကားက ရပ်နေပြီ။ ဆိုက်ကားဆရာမျက်နှာကလည်း မာကျောလို့။

"ဘေးလေး ဘာလေး ကြည့်ပါဦးဟ... တိုက်မိရင် အဆိုးဖြစ်ဦးမယ်... အူကြောင် ..."

ဆိုက်ကားဆရာက စကားဆုံးအောင် မပြောဖြစ်ဘဲ ကျွန်တော့်ကို စိုက်ခနဲ ကြည့်တယ်။ ပြီးတော့ နေလောင်ကျွမ်းထားတဲ့ သူ့မျက်နှာပေါ် အရေးအကြောင်းတွေ ဖြည်းဖြည်းချင်း လှုပ်ရှားလာတယ်။

"ဟေ့ကောင်... မင်း ... အကြီးကောင်မို့လား"

"ဗျာ"

ဆိုက်ကားဆရာက နှုတ်ခမ်းမွှေးတွေနဲ့ ခြံရံထားတဲ့ ကွမ်းချိုးတက် နှုတ်ခမ်းထူထူကြီးတွေကို သွားရဲရဲကြီးတွေ ပေါ်အောင် ဖြဲပြီး ကျွန်တော့်ကို မေးခွန်းထုတ်တယ်။ အရက်နံ့နဲ့ ချွေးနံ့ ရောနေတဲ့ ချဉ်စူးစူး အနံ့ကြီးက ဟောင်လို့။ ဆိုက်ကားလက်ကိုင်နှစ်ဖက်ကို ဆုပ်ကိုင်ထားတဲ့ လက်မောင်းနှစ်ဖက်ပေါ်မှာ ဆေးမင်ထိုးထားတဲ့ အင်းကွက်တွေ...။ ကျွန်တော့်ခေါင်းထဲ နာမည်တစ်ခု ပြေးဝင်လာတယ်။

" ဦး...င...မျိုး.."

●

mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း(က)

# လက်ဖက်ရည်ဆိုင်ထဲက အိမ်

## ( ၁ )

ကျွန်တော် ကျောင်းက ပြန်လာတော့ တစ်ကိုယ်လုံး ချွေးတွေ၊ ကြေးတွေနဲ့ ဖြစ်နေပြီ။ မနက်ခင်း ကျောင်းသွားခါနီးတုန်းက အမေ ဝတ်ပေးလိုက်တဲ့ အင်္ကျီ အဖြူနဲ့ ပုဆိုးအစိမ်းလေးကလည်း အတွန့်တွန့် အကြေကြေဖြစ်လို့။ အနက်ရောင် ကတ္တီပါကြိုးတပ် ဖိနပ်လေးကို စီးနင်းထားတဲ့ ခြေထောက်တွေကလည်း ကျောင်းဘောလုံးကွင်းမှာ မြင်းပေါက်တစ်ကောင်လို ပြေးလွှားခဲ့တာကြောင့် ဖုန်မှုန့်တွေ အလူးလူး အလိမ်းလိမ်း ဖြစ်နေပြီ။ ဆံပင်စုတ်ဖွားနဲ့ ကျောင်းက ဒီလိုပုံစံနဲ့ ပြန်လာတာ တွေ့ရင်တော့ အန်တီကြီးတစ်ယောက် ဘယ်လိုစကားနဲ့ ထောမနာပြုမလဲ ဆိုတာ ကျွန်တော် ကြိုသိထားတယ်။

mgyoe.com

mgyoe.com

လမ်းမကြီးရဲ့ ပလက်ဖောင်းပေါ်ကနေ လမ်းသွယ်ထဲ ချိုးကွေ့လိုက်တာနဲ့ ကျွန်တော်တို့ ဆိုင်တန်းလေးတွေကို လှမ်းမြင်နေရတယ်။ အစိုးရရုံးအဆောက်အအုံကြီးရဲ့ နံဘေးကို မှီကပ်ထားကြတဲ့ ဆိုင်တန်းကလေးတွေ။ တိတိကျကျပြောရရင် တာလပတ်အမိုး၊ တာလပတ်အကာ ဆိုင်လေး လေးဆိုင်။ ဒီဘက်လမ်းထိပ် အစွန်ဆုံးမှာက ကွမ်းယာဆိုင်၊ ပြီးတော့ မကြီးသီတာတို့ အသုပ်ဆိုင်၊ ပြီးတော့ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်၊ ဟိုဘက် အစွန်ဆုံးကတော့ ကိုသေးလေးတို့ လက်ဖက်ရည်ဆိုင်ပေါ့။ ကျွန်တော်တို့ဆိုင်ကတော့ ကျွန်တော်တို့ အိမ်လို့လည်း ပြောလို့ရတယ်။ ကျန်တဲ့ နှစ်ဆိုင်က ညနေဆိုင်သိမ်းတာနဲ့ သူတို့အိမ် သူတို့ ပြန်သွားကြပြီး မနက်ခင်း ခပ်စောစောမှ ဆိုင်လာထွက်ကြတာ။ ကိုသေးလေးဆိုင်နဲ့ ကျွန်တော်တို့ဆိုင်ကတော့ လူတွေပါ အိပ်ကြတယ်။ ကိုသေးလေးက ဆိုင်ရှင်မဟုတ်ဘူး။ ဆိုင်ရှင်က အစောင့်သဘောနဲ့ရော၊ အဖျော်ဆရာအဖြစ်နဲ့ရော၊ စားပွဲထိုးအဖြစ်နဲ့ပါ ကိုသေးလေးကို ထားတာ။ ကျွန်တော်တို့ ဆိုင်ကတော့ တစ်မိသားစုလုံး အိမ်အမှတ်နဲ့ နေထိုင်ကြတာပဲ။

ရန်ကုန်မြို့ကြီးရဲ့ နေရာအတော်များများမှာ တွေ့ရတတ်တဲ့ တခြားလမ်းဘေးဆိုင်လေးတွေလိုပဲ၊ လမ်းဘေးရေမြောင်းဟာ ဆိုင်ထဲကနေ ဖြတ်စီးနေတယ်။ ရေမြောင်းဖုံး သစ်သားပြားတွေကိုတော့ အသေအချာ ပိတ်ဆို့ထားရတာပေါ့။

ကျွန်တော်တို့ ဆိုင်လေးတွေနဲ့ မျက်နှာချင်းဆိုင်မှာတော့ ဘယ်တော့အပြီးသတ်မယ် ဆိုတာ ဘယ်သူမှ မသိနိုင်တဲ့ ဆောက်လုပ်ရေး လုပ်ငန်းခွင်ကြီးတစ်ခု ရှိတယ်။ တစ်ချိန်က အစိုးရဝန်ထမ်းတွေအတွက် လိုင်းခန်းတွေသဘောဆောက်ထားတဲ့ အဝါရောင် တစ်ထပ်တိုက်ခန်းတွဲတွေပါ။ ကျွန်တော်တို့ ဒီနေရာကို ရောက်လာတဲ့အထိ အဲဒီအတိုင်းပဲ ရှိနေသေးတာ။ ဒါပေမဲ့ အတော်တော့အိုဟောင်းနေပြီ။ တစ်ခါတလေ စားသောက်စရာတွေမှာလို့ သွားပို့ရရင် မည်းမည်းမှောင်မှောင်နဲ့ အင်္ဂတေအခင်းတွေ ကွာလန်နေတာကိုတောင် တွေ့ရတတ်တယ်။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က စပြီး ဒီတိုက်ခန်းအဟောင်းတွေကို ဖြိုချပစ်တယ်။ ပြီးတော့ အဆောက်အအုံသစ်တွေ ပြန်ဆောက်ဖို့ ဆောက်လုပ်ရေး လုပ်ငန်းခွင်ကြီးတစ်ခု ဖြစ်လာတော့တယ်။ အဲဒီအဆောက်အအုံသစ်ထဲမှာ ရုပ်ရှင်ရုံလည်း ပါမယ်တဲ့။ ရေကူးကန်လည်း ပါမယ်တဲ့။ ဈေးဝယ်စင်တာကြီးလည်း ပါမယ်တဲ့။

အခုထိတော့အပြာရောင်သွပ်ပြားချပ်တွေဒေါင်လိုက်ကာရံထားတဲ့ဆောက်လက်စ လုပ်ငန်းခွင်ကြီးကနေ အဆင့် မတက်သေးဘူး။

ကျွန်တော်တို့ ဆိုင်ရှေ့မှာတော့ ခုံတွေ၊ စားပွဲတွေ ခင်းထားတာကို လမ်းထိပ်ကနေ လှမ်းတွေ့ရတယ်။ အနီရောင်ပလတ်စတစ်ခွေးခြေခုံပုလေးတွေ ဟာ ညိုညိုညစ်ညစ် သစ်သားစားပွဲပုလေးတွေကို ဝိုင်းထားကြတယ်။ သစ်သား စားပွဲလေးတွေပေါ်က ရေနွေးဓာတ်ဘူးတွေနဲ့ ဖရိုဖရဲ ဖြစ်နေတဲ့ ရေနွေးပန်းကန်လုံး လေးတွေကိုတောင် မြင်နေရတယ်။ အဲဒီ ရေနွေးပန်းကန်လုံးတွေမှာ နှုတ်ခမ်းနား အပဲ့လေးတွေ၊ လက်ဖက်ခြောက်ချိုးတွေလည်း ကပ်တွယ်နေမယ် ဆိုတာ ကျွန်တော် အတပ်သိနေပြီးသား။ ဆိုင်ထဲမှာ ရုံးက ပြန်လာပုံရတဲ့ အတွဲတစ်တွဲပဲ ရှိနေတယ်။ ထုံးစံအတိုင်း ပုဆိုးတိုတို ဝတ်ထားတဲ့ အဖေကတော့ အဖျော်ခုံနေရာမှာ မတ်တတ် ရပ်နေပုံက သစ်သားတစ်ချောင်း ထောင်စိုက်ထားတဲ့ အတိုင်းပဲ။ စားပွဲခုံတွေရဲ့ လမ်းဘက်အကျဆုံး ခုံတစ်လုံးမှာတော့ ဆေးလိပ်ထိုင်သောက်နေတဲ့ အဘွားကို လည်း ထင်ထင်ရှားရှား လှမ်းတွေ့ရတယ်။ အဘွားမျက်နှာနဲ့ လက်မောင်းတွေ ပေါ်က သနပ်ခါး ဝါထိန်ထိန်တွေကို ဒီလမ်းထိပ်ကတောင် မြင်ရသေးတယ်။ မျက်မှန်အကြီးကြီးတပ်ပြီး အဘွား ဆေးလိပ် ထိုင်ဖွာနေပုံက သစ်ကိုင်းပေါ်မှာ ဇီးကွက်ကြီးတစ်ကောင် ထိုင်နေတာနဲ့ တူတယ်လို့ ကျွန်တော် မကြာခဏ တွေးဖူး တယ်။ ဒါပေမဲ့ ဘယ်သူ့မှ ပြန်မပြောဖြစ်ရဲဘူး။ ကျွန်တော် အဲဒီလို အဘွားကို ဇီးကွက်နဲ့ နှိုင်းတယ် ဆိုတာများ သိကြရင် တစ်အိမ်လုံး ဝိုင်းပြီး ငရဲကြီးရှစ်ထပ်နဲ့ ကိုင်ပေါက်ကြမှာကို ကြိုသိပြီးသားလေ။

လမ်းထိပ် ဗာဒံပင်အောက် ဆိုက်ကားဂိတ်က ကျားဝိုင်းမှာ ကျွန်တော် ခဏ ဝင်ငေးလိုက်သေးတယ်။ ဒီလမ်းထိပ်က ဆိုက်ကားသမားတွေဟာ ဘယ်အချိန် မှာ ဘယ်လို ဆိုက်ကားနင်းနေကြတယ် မသိဘူး။ သူတို့ကို ကြည့်လိုက်ရင် မြေပြင်ပေါ် ဒီအတိုင်း ချထားတဲ့ ခြေထောက်မပါတဲ့ လက်တောက် ဇယ်ခုံလေးမှာ ဝိုင်းရင် ဝိုင်းနေကြမယ်။ ဒါမှမဟုတ် မြေဖြူခဲနဲ့ ကျားကွက်တွေ ရေးခြစ်ထားတဲ့ သစ်သားပြားပေါ်မှာ အချိုရည်ပုလင်းခွံလေးတွေနဲ့ ကျားထိုးရင် ထိုးနေတတ်ကြ တယ်။ ဒီလိုမှ မဟုတ်ဘူးဆိုရင်လည်း ကိုသေးလေးဆိုင်မှာဖြစ်ဖြစ်၊ ကျွန်တော် တို့ဆိုင်မှာဖြစ်ဖြစ် ဝိုင်းဖွဲ့ထိုင်ကြရင်း လမ်းက ဖြတ်သွားသမျှ ပျိုပျိုအိုအိုတွေ ကို မျက်စိအစာကျွေးကြပြန်တယ်။ တချို့ ပါးစပ်သရမ်းတဲ့လူတွေ ပါလာပြီ

mgyoe.com

ဆိုရင်တော့ ေးကြည့်ရုံနဲ့ ပြီးမသွားကြဘူး။ ခန္ဓာကိုယ် အချိုးအစားတွေကို ကိုယ်အင်္ဂါအစိတ်အပိုင်းတွေရဲ့ နာမည်တွေနဲ့တကွ ထုတ်ဖော် နောက်ပြောင် တာတွေအထိ ဖြစ်တတ်ကြသေးတယ်။ ဒီကိစ္စတွေကြောင့်ပဲ လမ်းသွားလမ်းလာ တွေ အနှောင့်အယှက် ဖြစ်စေတယ် ဆိုပြီး ရပ်ကွက်ရုံးက သတိပေးစာတွေ မကြာခဏ ရောက်လာတတ်သေးရဲ့။

ပြောရမယ်ဆိုရင် ဒီလူတွေကြောင့်ပဲ မကြီးသီတာကို ကျွန်တော် ရင်ခုန်သွားတာ။ မိန်းမတစ်ယောက်ရဲ့ အလှဟာ ဘယ်လို၊ ဘယ်နေရာက ဘယ်လို စွဲဆောင်မှုရှိတာ ဆိုတဲ့ မိန်းမလှ ကျမ်းစာအုပ်ကြီးတွေ။ မကြီးသီတာ ကို ရင်ခုန် တတ်ရုံ ဘယ်ကမလဲ၊ ယောကျ်ားတို့ တတ်အပ်တဲ့ တခြားပညာရပ်တွေကိုလည်း သူတို့ဆီကပဲ စောစောစီးစီး တတ်မြောက်ခဲ့တာ။ တချို့ကိစ္စတွေက ကံ့ကူလက် လှည့် သင်ပေးရင် တတ်ချင်မှ တတ်တာ။ ဒါပေမဲ့ သူများတွေ အချင်းချင်း ပြောနေ ကြတာကို နားစွန်နားဖျား ကြားပြီး အလွယ်တကူ တတ်မြောက်သွားနိုင်တဲ့ အရာတွေလည်း ရှိတတ်ကြတာပဲ။

"ကလင် ကလင်... ကလင် ကလင်..."

ကျွန်တော့်နောက်နားက ကပ်ပြီး တီးလိုက်တဲ့ ဆိုက်ကားဘဲလ်သံ ကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့...။ ဆိုက်ကားပေါ်ကနေ ပြုံးစစနဲ့ ကြည့်နေတဲ့ မျက်နှာတစ်ခု။ ဂျာနယ်တစ်စောင်ကို ကျစ်ကျစ်ပါအောင် လိပ်ပြီး ဒူးအထက်ရောက်အောင် ပုဆိုးလှန်တင်ထားတဲ့ သူ့ပေါင်ကို တဖျတ်ဖျတ် ရိုက်နေတယ်။

"အကြီးကောင်နေ့ဘ်... မင်း အန်တီကြီးနဲ့ ပြန်တိုင်လိုက်ရမလား"

"ဟာ... ဦးကျော်လေးကလည်း..."

"ကျွန်တော်က ကြည့်ရုံ ကြည့်တာပါဗျ..."

တကယ်တော့ ဦးကျော်လေးက အန်တီကြီး ကျွန်တော့်ကို ပေါက်ပေါက် ဖောက်တတ်မှန်း သိလို့ တမင် စ, နေတာ။ သူက ဒီလိုပဲ။ တကယ်တမ်းကျတော့ အိမ်က လူကြီးတွေရှေ့မှာ သူကပဲ ဖေးဖေးမမ လုပ်ပေးတတ်တယ်။ ဒီဆိုက်ကား ဂိတ်မှာ ကျွန်တော် ခင်တာဆိုလို့ ဦးကျော်လေးနဲ့ ဦးငမျိုးပဲ ရှိတာ။ အဘွားတို့၊ အဖေတို့၊ အမေတို့ကလည်း ခင်တယ်။ သူကလည်း ဖင်ပေါ့တယ် ပြောရမယ်။ ဆိုင်က လိုအပ်ရင် ဆိုက်ကားငှားမှရယ် မဟုတ်ဘူး၊ တခြားအလုပ်လည်း

mgyoe.com

m g y o e . c o m SAMPLE BOOK

ဝင်ကူတာပဲလေ။ ဆိုက်ကားဂိတ်မှာ ခရီးသည်ပါးရင် ဆိုင်မှာ လာထိုင်နေတာ များတယ်။ ဆိုင်မှာ လူကျချိန်ဆို စားပွဲလည်း ဝင်ထိုးလိုက်တာပဲ။

ကျွန်တော် ကျားဝိုင်းမှာ ငေးနေရင်းက မကြီးသီတာတို့ ဆိုင်ဘက် အကြည့်ရောက်သွားတယ်။ ညနေ နည်းနည်းစောင်းလာတာမို့ သူတို့ ဆိုင်သိမ်းဖို့ ပြင်ဆင်နေကြပုံပဲ။ အန်တီမြင့်တို့ သားအမိက စားပွဲပေါ်မှာ တင်ထားတဲ့ ပစ္စည်းပစ္စယတွေကို သိမ်းဆည်းနေကြပြီး မကြီးသီတာက ထုံးစံအတိုင်း ပန်းကန်ဆေးတဲ့ နေရာမှာ။ ဆိုင်နောက်ဘက်က ရေဇလုံကြီးဘေးမှာ လမ်းဘက် ကို ကျောပေးထိုင်ပြီး ပန်းကန်ဆေးနေတာကြောင့် မကြီးသီတာရဲ့ တင်ပါးဝိုင်းဝိုင်း လေးကို လှမ်းမြင်နေရတယ်။ ရေဇလုံရှိရာကို ကိုယ်နည်းနည်း ကိုင်းထားတာမို့ ပန်းပွင့်ပန်းခက်တွေ ပြည့်နေတဲ့ ခဲရောင် ခါးတိုအင်္ကျီလေးနဲ့ လုံချည် အထက်ဆင် လေးကြားမှာ အတွင်းသား ဝင်းဝင်းလေးက တစ်လက်မလောက် လွတ်နေသေးရဲ့။ အင်း... ဒီကျားဝိုင်းက လူတွေ မြင်ရင် ပျစ်ပျစ်နှစ်နှစ်တွေ ပြောကြဦးမှာပဲ။

ကျွန်တော် ကျားဝိုင်းက အသာထလာခဲ့တယ်။ မကြီးသီတာတို့ ဆိုင်ရှေ့ကအဖြတ် မသိမသာ လှမ်းကြည့်မိသေးတယ်။

ကျွန်တော်တို့ ဆိုင်နားရောက်တာနဲ့ ကျွန်တော့် ကျောပိုးအိတ်ကို ပြန်ပြင်လွယ်ပြီး တွန့်ကြေနေတဲ့အဝတ်အစားတွေကိုကမန်းကတန်းပြန်ဆန့်လိုက် တယ်။ ပြီးတော့ ခြေထောက်နှစ်ဖက်ကို မြေပြင်နဲ့ လမ်းသွားရင်း အပြားလိုက် ရိုက်ခါလိုက်တယ်။ ဒါကတော့ ဖိနပ်ရဲ့ ကတ္တီပါသည်းကြိုးပေါ်က ဖုန်မှုန့်လေးတွေ ပြောင်သင့်သလောက် ပြောင်အောင် လုပ်လိုက်ခြင်းပဲ။ ကျောင်းက ပြန်လာတိုင်း ကျွန်တော် လုပ်နေကျ အရေးပေါ် တစ်ကိုယ်ရေ သန့်ရှင်းရေး လုပ်နည်းလေးတွေ။ ဒါပေမဲ့ ဒီတစ်ခါလည်း အရင်နေ့တွေအတိုင်းပဲ၊ ကျွန်တော် မအောင်မြင်ပြန်ဘူး။

"ကဲ... ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ဦး အကြီးကောင်ရေ... ကျောင်းသား လား၊ နွားကျောင်းသားလား ဆိုတာ... ဟင်... အိမ်က ထွက်သွားရင်တော့ ကော့လို့... ကြည့်စမ်း အခု ... "

ဆိုင်ထဲတောင် မဝင်ရသေးဘူး၊ ဆိုင်နယ်နိမိတ်ထဲ ခြေချရုံပဲ ရှိသေး၊ အန်တီကြီးက ဆီးကြိုတော့တယ်။ ဒါက မထူးဆန်းတော့ဘူး။ ကျောင်းက ပြန်လာတိုင်း ကျွန်တော် ကြားနေကျ နားရည်ဝနေတဲ့ သီချင်းတစ်ပုဒ် ဖြစ်နေပြီ။ အခုလည်း ကြည့်၊ စုံတွဲ တစ်တွဲ ထသွားတဲ့ စားပွဲကို ရှင်းလင်း သုတ်သင်နေရင်းက

ကျောင်းက ပြန်လာတဲ့ ကျွန်တော့်ကို မြင်တာနဲ့ ပါးစပ်သေနတ် လှမ်းပစ်လိုက်တာ။

အန်တီကြီးက ဒီလိုပဲ။ အမေ့အထက်က ဖြစ်ပြန်၊ အပျိုကြီးကလည်း ဖြစ်ပြန်ဆိုတော့ ကျွန်တော်တို့ မောင်နှမ နှစ်ယောက်အပေါ် ချစ်လည်း ချစ်သလို စည်းကမ်းလည်း ပိုတင်းကျပ်ချင်တယ်။ ကလေးတိုင်း၊ လူငယ်တိုင်း သူ့လို ကြီးပြင်းလာရမယ်၊ သူ့လို နေထိုင် ဝတ်စားရမယ်လို့ ပုံသေသတ်မှတ်ထားပုံပဲ။

အခုအန်တီကြီးအသက် ၄၅ နှစ်လောက် ရှိပြီ၊ အခုထိ အင်္ကျီလည်ဟိုက်ပုံစံမျိုး တစ်ခါမှ မဝတ်ဖူးသေးဘူး။ တီရှပ်ဆိုတာ ဝေးရောပဲ။ အဲ... ဒါပေမဲ့ လက်ပြတ်အင်္ကျီကျတော့ ဝတ်ပြန်ရောလေ။ ဆိုက်ကားဂိတ်က လူကြီးတွေ တစ်ခါတလေ အန်တီကြီးကို မကြားတကြား စကြတာက "ဒုတိယကမ္ဘာစစ် လက်ကျန်ကြီး" တဲ့။ မိန်းကလေးဆိုတာ သူ့လို လင်မယူ သားမမွေးဘဲ လုံးကြီးပေါက်လှ ခန္ဓာကိုယ်ကြီးကိုဘိုးတော်ဘုရားခေတ်က အဝတ်အစားတွေနဲ့ ပတ်ထားရမယ်လို့ ခံယူထားသလားမသိ။ တစ်ခါတလေ အမေနဲ့ စကားများကြပြီဆို ငယ်ကျိုးငယ်နာတွေ ထုတ်ပြောကြရင်း အမေ အိမ်ထောင်ပြုခဲ့တာကိုပဲ အပြစ်လုပ်လက်ညှိုးထိုးချင်သေးတာ။ ဒါပေမဲ့အဖေနဲ့ကျတော့ အဆင်ပြေတာပဲ။ "မောင်ပေါက်စီ၊ မောင်ပေါက်စီ"နဲ့။ အဖေကလည်း ဒီမိသားစုထဲမှာ၊ တစ်နည်းအားဖြင့် ဒီဆိုင်လေးထဲမှာ အဓိက ကျနေတာလည်း ပါမှာပေါ့။ အဖျော်ဆရာလည်း အဖေ၊ အကြော်ဆရာလည်း အဖေ၊ လမ်းတိုလမ်းရှည် ပြေးလွှားရတော့လည်း အဖေပဲ ရှိတာ။

အန်တီကြီးဟာ သူရှင်သန်နေရတဲ့ ပတ်ဝန်းကျင်ကို သူ အသေအချာ နားလည်ထားပုံ ရတယ်။ သူဟာ သူ့ရဲ့ လက်သုံးစကားတစ်ခွန်းနဲ့ သူ့ကိုယ်သူ ကာကွယ်ရေးအတွက် ခံတပ်တစ်ခု တည်ဆောက်ထားတတ်တယ်။

"အစ်မမှာ အစောင့်အရှောက် ရှိတယ်... သိလား..." တဲ့။

"အစ်မကို မဟုတ်တာ ကြံစည်လို့ မရဘူး... အဲဒီလို ကြံစည်တာနဲ့ အဲဒီလူ တစ်ခုခု ဖြစ်တော့တာပဲ... သိလား... အဲ့ဒါ ကိုယ်တွေ့... ကိုယ်တွေ့..." တဲ့။

ယောက်ျားလေး ကြီးကြီး၊ ငယ်ငယ် သူ့နားကပ်နေပြီလို့ အန်တီကြီး ထင်လာတာနဲ့ ဒီလိုစကားမျိုးကို အပ်ကြောင်းထပ်အောင် ပြောတော့တာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီစကားလုံး ခံတပ်တွေကြောင့်လားတော့ မသိဘူး၊ အခုအထိ အန်တီကြီး တစ်ယောက် ရည်းစားစကား အပြောခံရတယ် ဆိုတာလည်း မရှိ။ စာပေးခံရ တယ် ဆိုတာလည်း မရှိ၊ ဒါဟာ ဂုဏ်ယူစရာလား၊ အားငယ်စရာလား ဆိုတာတော့ ကျွန်တော် မဝေခွဲတတ်ဘူး။

"ဘေးကို ... ဘေးကိုနော် ..."

လမ်းပေါ်က အသွားအလာတွေကို ခပ်အုပ်အုပ် သတိပေးရင်း ရေထမ်း ကြီး တယမ်းယမ်းနဲ့ ညွတ်ပွဲ ညွတ်ပွဲ လျှောက်လာနေတာကတော့ အန်တီပိုလေး ပဲ။ ကျွန်တော်တို့ ဆိုင်လေးတွေ ကျောမှီထားကြရတဲ့ ရုံးဝင်းကြီးထဲက ဘုံပိုင် ခေါင်းမှာ သွားခပ်လာတာ။ ကျေးလက်ရွာတွေမှာ မိန်းမပျိုလေးတွေ ရေခပ် ဆင်းကြတာကို စာတွေဖွဲ့၊ သီချင်းတွေ စပ်ကြတာကို ကျွန်တော် အကြိမ်ကြိမ် ဖတ်ဖူး၊ ကြားဖူးခဲ့တယ်။ ဒါပေမဲ့ ရန်ကုန်မြို့လယ် တစ်နေရာက မိန်မပျိုလေး တစ်ယောက် ရေခပ်ဆင်းပုံထဲမှာတော့ ဘယ်လိုအလှတရားကိုမှ ရှာမတွေ့ နိုင်ပါဘူး။

အန်တီပိုလေးက ဘယ်သူ့ကိုမှ ဘာမှ ပြောမနေဘူး။ သူ့ဘာသာ ရေတိုင်ကီထဲထည့်ပြီး "နောက်နှစ်ခေါက်" လို့ သူ့ဘာသာ ရေရွတ်ပြီး ရေပုံး အလွတ်ကြီးတွေ ထမ်းလို့ ပြန်ထွက်သွားပြန်တယ်။ ပြန်ထွက်သွားတဲ့ အန်တီပို လေးကို ကြည့်ပြီး အဘွားက "အင်း... ငါ့သမီးလေးလည်း..." လို့ လေသံလေးလေး ကြီးနဲ့ ရေရွတ်ပြီး ကျန်ခဲ့တယ်။ အဖေက "ကောင်မလေး... ဒီတစ်ခေါက်ပြီးရင် တော်တော့..."လို့ လှမ်းအော်လိုက်ပြီး အန်တီကြီးကတော့ လမ်းကွေ့သွားတဲ့ အထိ သူ့ညီမ နောက်ကျောပြင်ကို လိုက်ကြည့်နေရှာတယ်။

ကျွန်တော် ဆိုင်ထဲ တန်းဝင်သွားပြီး ခန်းဆီးစလေးလို ကာရံထားတဲ့ အပြာရောင် တာလပတ်စလေးကို တွန်းဖယ်လိုက်တော့ အတွင်းခန်းထဲမှာ ကွပ်ပျစ် ခုတင်လေးတစ်လုံး။ ဟုတ်တယ်၊ တာလပတ်စလေးနဲ့ ပိုင်းကန့် တည် ဆောက်ထားတဲ့ အတွင်းခန်း မှောင်မှောင်လေးထဲမှာ ကွပ်ပျစ်ခုတင်လေး တစ်လုံးရယ်ပါ။ ကျွန်တော် နားလည်ထားတဲ့အတိုင်း အတိအကျ ပြောရရင် ဒါဟာ... ကျွန်တော်တို့ အိမ်ပဲ။ ဒီကွပ်ပျစ် ခုတင်လေးပေါ်မှာပဲ သံသေတ္တာဟောင်း နှစ်လုံးရယ်၊ ဖစ်ဆွဲပိတ်လို့ မရတော့တဲ့ ဆာလာအိတ်ကြီးရယ်၊ ကျောက်ပျဉ်ကြီး တစ်ချပ်နဲ့ သနပ်ခါးစက်တွေ စဉ်နေတဲ့ ကြည့်မှန်တစ်ချပ်ရယ်၊ ပြီးတော့ စုပုံ

mgyoe.com

mgyoe.com

ထားတဲ့ ခေါင်းအုံးတွေ စောင်တွေရယ်၊ အိကျနေတဲ့ အဝတ်တန်း တစ်တန်း ရယ်... ။ ဒါတွေဟာ ကျွန်တော်တို့ အိမ်ပဲ။ အိမ်တစ်လုံးရဲ့ မရှိမဖြစ် အိမ်သာ ကိစ္စကတော့ ကျွန်တော်တို့ ဆိုင်လေးတွေ ကျောမှီထားတဲ့ ရုံးကြီးထဲ သွားကြ ရတယ်။ ကျွန်တော်နဲ့ အဖေကတော့ ညရေးညတာဆို ရုံးထဲအထိ သွားမနေ တော့ဘူး၊ လူရှင်းတဲ့ အနီးနားက လမ်းဘေးသစ်ပင်ကွယ် တစ်ခုခုကို အသုံးချ လိုက်တာပဲ။ အန္တရာယ် လွှယ်မထားနိုင်တဲ့ တချို့ လမ်းသွားလမ်းလာတွေလည်း ဒီလိုပဲ လူရှင်းတဲ့ လမ်းဘေးရေမြောင်း တစ်ခုခုမှာ ကျောခိုင်းဖြေရှင်းနေကြတာ။

"ဟဲ့... ကြည့်စမ်း၊ ကိုကိုအကြီးကောင် ပြန်လာပြီ သမီးရေ ... ခေါ်လိုက် စမ်း... ကိုကိုလို့ "

ခုတင်ပေါ်မှာ ညီမလေးကို နို့ထိုင်တိုက်နေတဲ့ အမေက နို့စို့နေတဲ့ ညီမလေးကို ချော့မြှူလိုက်တယ်။ ဒါပေမဲ့ ညီမလေးက ကျွန်တော့်ကို မျက်လုံး ပြူးပြူးလေးနဲ့ တစ်ချက်လှန်ကြည့်ပြီး အမေ့နို့အုံကြားထဲ ခေါင်းပြန်စိုက်သွား တယ်။ ညီမလေးဟာ အသက်သုံးနှစ်နီးပါး ရှိနေပြီ။ ဒါပေမဲ့ အမေ့နို့ကို အခုထိ မက်မက်စက်စက် စို့နေတုန်း။ အမေကလည်း ညီမလေးကို နို့မဖြတ်ရက်ဘူး။

ကျွန်တော်လည်း ညီမလေးရဲ့ ပါးဖောင်းဖောင်းလေးကို ဖွဖွလေး တစ်ချက် ဆွဲလိမ်ပြီး ခုတင် ပေါ် ကျောပိုးအိတ် ပစ်ချလို့ လိုက်ကာအပြင်ဘက်ကို ပြန်ပြေးထွက်ခဲ့တယ်။

"ဟဲ့... အကြီးကောင်... ဒါ.. ဘယ်တုံး... အကျႌလဲဦးလေ ..."

"ဘယ်မှ မသွားပါဘူး အမေရ..."

အမေ့အသံက နောက်က လိုက်ခဲ့ပေမယ့် ကျွန်တော် ပြန်မလှည့်တော့ ဘူး။ ဆိုင်ရှေ့ မျက်နှာစာက အဖျော်ခုံကို တန်းသွားပြီး ကျွန်တော် သောက်နေကျ ချိုစိမ့်တစ်ခွက် ဖျော်လိုက်တယ်။ ဖျော်တတ်တယ် မဟုတ်ပေမယ့် ကိုယ် သောက်နေကျ အချိန်အဆကို ကိုယ် သိနေတာပဲ။ မကောင်းတော့လည်း ဘာ ပြဿနာ ရှိတာမှတ်လို့။

"ဟော့ကောင်... ဟော့ကောင်... အရမ်းမလုပ်နဲ့ဟ..."

ရေတိုင်ကီနားမှာ ဘာတွေမှန်းမသိ ဆေးကြောနေရာက ကျွန်တော် နို့ဆီတွေ ခပ်ထည့်နေတာ တွေ့တော့ အဖေက လှမ်းဟန့်တယ်။

"နည်းနည်းလေးပါဗျ ..."

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်က ဝတ်ကျေတန်းကျေ ဆင်ခြေပေးပြီး ဖျော်လက်စ လက်ဖက်ရည်ခွက်ကို ပြီးအောင် ဆက်ဖျော်ပါတယ်။ မနှစ်ကလောက်အထိ လက်ဖက်ရည် သောက်ချင်ရင် အဖေ ဖျော်ပေးနေကျ။ အဖေ လက်ဖက်ရည် ဖျော်ပုံက လက်ဆမှန်တယ်။ အကျရည် ထည့်တာ၊ နို့ဆီထည့်တာ အားလုံး တကယ့်အချိုးအစား ကျကျပဲ။ တချို့ဆို အဖေ့လက်ရာ ကြိုက်လို့ ဒီဆိုင်ကို တကူးတက လာထိုင်တဲ့ လူတွေတောင် ရှိကြတယ်။

ကျွန်တော် လက်ဖက်ရည် ဖျော်ပြီးတာနဲ့ လမ်းဘေးက စားပွဲလွတ် တစ်လုံးမှာ အကျအန နေရာယူလိုက်တယ်။ ဒါဟာ ညနေတိုင်း ကျွန်တော် လုပ်နေကျ ထုံးစံတစ်ခု။ ဒါကလည်း သူ့အကြောင်းနဲ့သူ ရှိတယ်။ နောက် ၁၅ မိနစ်လောက်ဆို မကြီးသီတာတို့ ဆိုင်သိမ်းပြီး ကျွန်တော်တို့ဆိုင်ရှေ့က ဖြတ်လို့ သူတို့ပြန်မယ့် ဘတ်စ်ကားမှတ်တိုင်ဘက် သွားကြမယ် ဆိုတာ ကျွန်တော် ကြိုသိ နေတယ်လေ။ သူတို့တူဝရီးတွေ ဆိုင်သိမ်းပြီးတိုင်း ကျွန်တော်တို့ဆိုင်ရှေ့က ဖြတ်ပြန်နေကျ။ အဲဒီအခါဆိုရင် မကြီးသီတာကို တွေ့ခွင့်၊ နှုတ်ဆက်ခွင့်တွေ ကျွန်တော် ရမယ်။

ကိုယ်တိုင်ဖျော်ထားတဲ့ လက်ဖက်ရည်ကို တစ်ငုံသောက်ကြည့်လိုက် တယ်။ ချိုချိုစိမ့်စိမ့် အရသာက ကျွန်တော့်လျှာပေါ် ဖြတ်စီးဆင်းသွားတာနဲ့ ကျေနပ်ခြင်း အရသာကိုပါ ကျွန်တော် ခံစားလိုက်မိတယ်။ ကျွန်တော့်ရဲ့ ညနေခင်း လေးဟာလည်း ဟော့ဒီ လက်ဖက်ရည်ခွက်လေးလို မျှော်လင့်ချက်တွေနဲ့ ချိုမြိန် လို့။

မကြာပါဘူး။ သူတို့ တူဝရီးတွေ လျှောက်လာကြပါပြီ။ မကြီးသီတာရဲ့ အဒေါ် အန်တီမြင့်က ပိုက်ဆံနည်းနည်းပဲပါမှာသေချာတဲ့ ပိုက်ဆံအိတ်ကြီးကြီးကို ချိုင်းကြားညှပ်လို့ ပိန်ကပ်ကပ် ခန္ဓာကိုယ်လေးနဲ့ တဖျပ်ဖျပ် လျှောက်လာတယ်။ ပြီးတော့ သူ့သမီး။ သူကတော့ ဆွဲခြင်းတစ်လုံးကို ဆွဲလို့။ နောက်ဆုံးက လျှောက်လာတာကတော့ ကျွန်တော် မျှော်နေတဲ့ မကြီးသီတာ။ စောစောက ကျောပေးထိုင်ပြီး ပန်းကန်ဆေးနေတဲ့ ဝတ်စုံလေးနဲ့ပဲ။ အခုလို လမ်းလျှောက် လာတော့ ခါးနေရာက အသားစိုင်လေးကို မမြင်ရဘူးပေါ့။ ဒါက ပြဿနာ မဟုတ်ပါဘူး။ ကျွန်တော် အဓိက တွေ့ချင်တာ မကြီးသီတာ မျက်နှာလေးကိုပဲ။

mgyoe.com

မကြီးသီတာက ရန်ကုန်သူ မဟုတ်ဘူး။ အန်တီမြင့်ရဲ့ တူမအရင်းလည်း မဟုတ်ဘူး။ ရှင်းရှင်းပြောရရင် အန်တီမြင့်တို့က သူတို့ ဆိုင်မှာ အကူခိုင်းရအောင် နယ်က ဆွေနီးမျိုးစပ်တော်တဲ့ ချက်ချက်ချာချာလည်း ရှိတဲ့ မကြီးသီတာကို လခနဲ့ ခေါ်ထားတာ။ ကျွန်တော်ကတော့ မကြီးသီတာအကြောင်း တွေးမိရင် ဒီအချက်ကို ထည့်မတွေးတတ်ဘူး။ အနှောင့်အယှက် ဖြစ်စရာလို့ မြင်တယ်။

မကြီးသီတာက ရန်ကုန်သူ မဟုတ်ပေမယ့် အသားတော့ ဖြူတယ်။ မျက်လုံးကတော့ ခပ်မှေးမှေးပါပဲ။ ဒါပေမဲ့ ဆိုက်ကားဂိတ်က ဘဲကြီးတွေ ပြောတဲ့ ငါးရံ့ကိုယ်လေးနဲ့။ သူတို့ဆိုင်ကို လာတဲ့ စားသုံးသူတွေအတွက် လက်ဖက်ရည်လာမှာပေးရင် အသံချိုချိုလေးနဲ့။ ဆိုက်ကားဂိတ်က ဦးမျိုး ပြောဖူးတယ်။ “ဒီစော်လေးကမှ တကယ့် အိမ်ရှင်မကောင်း ဖြစ်မှာကွ၊ လှတယ် ဆိုတာကလည်း ဒီလိုဟာမျိုးလေးမှ လှတယ် ပြောလို့ ရတာ...” တဲ့။ ကျွန်တော် အမှန်တရားတစ်ခုကို ဝန်ခံရရင် ဦးမျိုးရဲ့ စကားကို ကြားပြီးကတည်းက မကြီးသီတာကို စိတ်ကူးယဉ်မိသွားတာ။ မကြီးသီတာကို ကျွန်တော့်မိန်းမနေရာက အမျိုးမျိုး စိတ်ကူးကြည့်မိတယ်။ မကြီးသီတာက လှတယ်၊ သွက်လက်တယ်၊ အလိုက်သိတယ်။ တော်တော် ကြည်နူးစရာကောင်းတဲ့ အတွေးတွေပဲ။ ဒီလိုနဲ့ မကြီးသီတာကို ကျွန်တော် ချစ်နေပြီလို့ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်လိုက်ခဲ့တယ်။ အန်တီပိုလေး ငှားဖတ်တတ်တဲ့ ဝတ္ထုစာအုပ်တွေထဲမှာလို တိုင်ပင်စရာ သူငယ်ချင်းကောင်းတွေလည်း ရှိမှ မရှိဘဲ။

“ဟယ်... ကြည့်ဦး . အကြီးကောင်... သူ့ဘာသာ သောက်နေတာ၊ သောက်ပါဦးတောင် မခေါ်ဘူး”

မကြီးသီတာက ဆွဲခြင်းနှစ်လုံးကို ဘယ်ညာ နှစ်ဖက်ဆွဲလို့။ နှုတ်ခမ်းနီ ရဲရဲလေး ဆိုးထားတဲ့ နှုတ်ခမ်းလေးတွေဟာ ငုံအာစ နှင်းဆီပန်းလေးအတိုင်းပဲ။ မကြီးသီတာဆီက ကျွန်တော် အမည်မဖော်တတ်တဲ့ ရနံ့သင်းသင်းလေးတွေ ပျံ့လွင့်လာနေတယ်။

“ဟုတ်ပါဘူးဗျ...မကြီးသီတာကလည်း...ခေါ်ပါတယ်...သောက်ပါဦး”

“အမယ်...ပြောကာမှ မတော်ခေါ်ခေါ်တာမျိုးတော့ မသောက်ဘူးဟေ့”

မကြီးသီတာက သွားရင်းလာရင်း၊ ရယ်ရင်းမောရင်း ကျွန်တော့်ကို စ, သွားတယ်။ အန်တီမြင့်တို့ရော၊ အဖေတို့၊ အန်တီကြီးတို့၊ အဘွားတို့ရော

mgyoe.com

mgyoe.com  SAMPLE BOOK 

ကျွန်တော်တို့ အပြန်အလှန် ပြောစကားတွေကို သဘောကျသွားတဲ့ပုံနဲ့ လိုက်ရယ်ကြတယ်။ အဖေကတော့ ရယ်မောရုံ အဆင့်မှာတင် ရပ်မနေဘူး။

"မမမြင့်တို့နော်... နောက်က ကောင်မလေးကို ကြည့်ခေါ်သွားကြဦး... တော်ကြာ ....."

ဒီစကားကိုလည်း အကုန် လိုက်ရယ်ကြတာပဲ။ ကျွန်တော်က လွဲလို့ပေါ့။ ကျွန်တော့်အတွက်တော့ အဖေ့စကားဟာ ရယ်စရာကောင်းတယ်လို့ မယူဆမိတဲ့အပြင် စိတ်အနှောင့်အယှက်လေးတောင် ဖြစ်သွားသေးတယ်။

"ဦးပေါက်စီကြီးနော်... သူများကို..."

မကြီးသီတာက လမ်းသွားနေလျက်က လည်ပြန်လှည့်ကြည့်ပြီး မျက်စောင်းလှလှလေး ထိုးသွားပါသေးတယ်။ ဒီတစ်ခါတော့ အဖေက လွဲလို့ ဘယ်သူမှ မရယ်ကြတော့ဘူး။ အဖေကတော့ မကြီးသီတာ နောက်ပိုင်းကို လိုက်ကြည့်ရင်း ရယ်လက်စ "တဟဲဟဲ" အသံကို တော်တော်နဲ့ ဘရိတ်မအုပ်နိုင်ပါဘူး။ အဖေ့ရယ်သံသဲ့သဲ့ကို နားထောင်နေရင်း ကျွန်တော့် ညနေခင်းလေးဟာ အဖေ့ညနေခင်း ဖြစ်သွားလေသလားလို့ ခံစားနေမိတယ်။ ကျန်တဲ့သူတွေကတော့ ဘာမှ မဖြစ်လိုက်သလိုပဲ။ တကယ်လည်း သူတို့အတွက် ဘာမှ ထူးခြားတဲ့ အဖြစ်အပျက်မှ မဟုတ်တာ။ ဆိုင်နီးနားချင်းတွေ အချင်းချင်း စနောက်နေကျပဲကို။ အဘွားကလည်း သူ့ဆေးလိပ်ကြီးကို တထောင်းထောင်းဖွာလို့၊ အန်တီကြီးကလည်း စားပွဲလွတ်တစ်လုံးမှာ ထိုင်ရင်း ဆိုင်ရှေ့က ဖြတ်သွားတဲ့ မျက်နှာတွေ၊ အရောင်အသွေးတွေကို ငေးလို့။ ဆိုင်အတွင်းခန်းဘက်ဆီကလည်း အမေနဲ့ ညီမလေးတို့ရဲ့ အသံစာစာတွေက ပျံ့လွင့်လာနေတယ်။ အဖေကလည်း အခုတော့ "လက်ဖက်ရည်တစ်ခွက်" ဆိုတဲ့ အသံကို နားစွင့်နေသလိုမျိုး။ အားလုံး ပုံမှန်တွေပဲ။ ကျွန်တော်တစ်ယောက်တည်း ထိလွယ် ရှလွယ် ဖြစ်နေတာလား။ ကိုယ့်အဖေတစ်ယောက်လုံးကို ဒီလို အစွန်းမလွတ်တဲ့ အတွေးတွေနဲ့ ပြစ်မှားနေမိတာကလည်း အမှားတစ်ခု ဖြစ်မနေဘူးလား။

"ဘေးကို... ဘေးကို... ဘေးကိုဇနော် ..."

ရန်ကုန်ညနေခင်းရဲ့ လူရောင်စုံ၊ ရုပ်ဝတ္ထုရောင်စုံတွေကြားက ကျွန်တော်တို့ဆိုင်ဘက် လျှောက်လာနေတဲ့ အန်တီပိုလေးကို လှမ်းတွေ့နေရတယ်။ အန်တီပိုလေး ပခုံးပေါ်မှာ ရေပုံးကြီး နှစ်လုံးက ယီးလေးတွဲခိုလို့၊ အန်တီပိုလေး ပခုံး

mgyoe.com

mgyoe.com  SAMPLE BOOK 

ပေါ်မှာ ကျွန်တော်တို့ မမြင်နိုင်တဲ့ တခြားရေပုံးတွေ နောက်ထပ် ရှိနေသေးလား။ မြို့ပြလူရောင်စုံတွေကြား ရေထမ်းကြီးနဲ့ လှုပ်ရှားနေရတာကိုကော သူ မရှက်ဘူးလား။

အန်တီပိုလေးက တကယ်တော့ သိပ်မလှဘူး။ ( အားမနာတမ်းပြောရရင် လှကို မလှတာပါ ) အသားညိုညို၊ ပါးဖောင်းဖောင်းနဲ့ ပါးစပ်နည်းနည်း ပြဲချင်သလိုရှိပြီး အသံလည်း ကျယ်တယ်။ အဝတ်အစားကလည်း အန်တီကြီး လက်အောက်ခံပီပီ အန်တီကြီးရဲ့ ဘောင်ထဲမှာသာ ဝတ်စားဆင်ယင်ရတာ။ ကျောင်းပြီး၊ ဘွဲ့ရလို့ အစိုးရရုံးတစ်ရုံးမှာ အလုပ်သာ လုပ်နေတာ၊ မိတ်ကပ်ဆိုတာ မျက်နှာပေါ်တင်ဖူးသေးရဲ့လား မသိဘူး။ နှုတ်ခမ်းနီ ခပ်ရဲရဲလေး ဆိုးထားတာတောင် အန်တီကြီးပေးတဲ့ မဟာအခွင့်အရေးကြီး ဖြစ်နေပြီ။

●

mgyoe.com

mgyoe.com
SAMPLE BOOK

## ( ၂ )

ည ခုနစ်နာရီ ကျော်တာနဲ့ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်လေး တံခါးပိတ်ပြီးပါပြီ။ လက်ဖက်ရည်ဆိုင်ရဲ့ သွင်ပြင်လက္ခဏာတွေ ဘာမှ မရှိတော့ဘူး။ လက်ဖက်ရည်ဆိုင်ရဲ့တံခါးကို ပိတ်ဖို့ ဆိုတာကလည်း သိပ်ခက်ခဲတာမှ မဟုတ်တာ။

နေ့ဘက်မှာ ရှေ့ကို အဖိဆွဲချထားတဲ့ တာလပတ်စကြီးရဲ့ ဝါးလုံးထောက် နှစ်ချောင်းကို ဖြုတ်ပစ်လိုက်ရုံနဲ့ တာလပတ်စကြီးဟာ ဆိုင်မျက်နှာစာတစ်ခုလုံးကို ပိတ်ဖုံးပြီးသား ဖြစ်သွားတယ်။ အဲဒီ တာလပတ်စကြီးရဲ့ အောက်ခြေအနားသတ်နေရာမှာ အပေါက်ဖောက် စွပ်ထားတဲ့ ဝါးလုံးရဲ့ အစွန်းနှစ်ဖက်ကို ဆိုင်မျက်နှာစာက တိုင်တွေနဲ့ ချည်နှောင်လိုက်တဲ့အခါမှာတော့ အိမ်တစ်လုံးရဲ့ တံခါးပေါက်ကို သော့ခတ်လိုက်သလိုမျိုး လုံခြုံသွားပြီ။ ညပိုင်း အပြင်ထွက်ချင်တယ်ဆိုရင် ချည်ထားတဲ့ ကြိုးစလေးကို အသာဆွဲဖြုတ်ပြီး တာလပတ်စကြီးရဲ့ အနားတစ်စကို ဆွဲဟလိုက်ရုံပဲလေ။

mgyoe.com

mgyoe.com
SAMPLE BOOK


အိမ်ကလေးတစ်လုံး ဖြစ်သွားတဲ့ လက်ဖက်ရည်ဆိုင်လေးထဲမှာ မီးချောင်းလေး နှစ်ချောင်း ရှိတယ်။ နှစ်ပေ မီးချောင်းလေးတွေပါ။ တစ်ချောင်းက အတွင်းခန်းထဲမှာ။ နောက်တစ်ချောင်းကတော့ ရှေ့ဘက်မှာပေါ့။ နေ့ဘက်မှာ လက်ဖက်ရည်ဆိုင်လေးဖြစ်ခဲ့တဲ့နေရာကျဉ်းကျဉ်းလေးဟာအခုတော့အိမ်ကလေး တစ်လုံးပေါ့။ နေ့ဘက်မှာ လက်ဖက်ရည်ဆိုင်လေးရဲ့ လေးထောင့် စားပွဲလေး တွေဟာ အခုလို တန်းစီဆက်ထားလိုက်တော့ ခုတင်တစ်လုံး ဖြစ်သွားတာပဲ။ အဲဒီစားပွဲခုံ ခုတင်လေးဟာ ညစဉ်ညတိုင်း ကျွန်တော်တို့ သားအဖနှစ်ယောက်ရဲ့ အိပ်ရာခုတင်လေ။

ကျွန်တော့်ရှေ့မှာ ကျောင်းစာအုပ်တွေ ချထားပေမယ့် ကျွန်တော့် မျက်လုံးထဲမှာ ကျောင်းစာအုပ်တွေ မမြင်ရဘူး။ မကြီးသီတာရဲ့ မျက်နှာကိုပဲ မြင်နေရတာ။ ညနေက ကျွန်တော် လက်ဖက်ရည်သောက်နေတုန်း သူတို့ ဖြတ်သွားတော့ ကျွန်တော့်ကို နောက်ပြောင်သွားတာကို ကျွန်တော် ပြန် တွေးတော နေမိပါတယ်။ မကြီးသီတာရဲ့ မျက်လုံးတွေထဲမှာ ကျွန်တော့်အတွက် ခံစားချက် တစ်စုံတစ်ရာ ရှိနေနိုင်ပါ့မလား။ မျက်ခုံးလေးတွေနဲ့ တစ်တန်းတည်း ညီအောင် ဆံမြိတ်တန်းလေးတွေ ချထားတတ်တာ၊ မနက်ခင်းတိုင်း ပန်းလေး တစ်မျိုးမျိုး ပန်ဆင်ထားတတ်တာ၊ နှုတ်ခမ်းနီရဲရဲလေး ဆိုးထားတတ်တာ၊ လက်မောင်းကလေး မြှောက်ပင့် လှုပ်ရှားလိုက်တိုင်း ခါးနေရာက အတွင်းသား ဝင်းဝင်းလေး လှပ်ခနဲ ဟ,သွားတတ်တာ၊ ဆည်းလည်းလေးတွေ လှုပ်ခါလိုက် သလို တချွင်ချွင် ရယ်မောတတ်တာ ... အဲဒီအရာတွေအားလုံးထဲမှာ ကျွန်တော့်ကို ရည်ရွယ်လိုက်တာတွေ ပါဝင်နေမှာလား..။

မကြီးသီတာ အသက် ဘယ်လောက် ရှိပြီလဲ။ ကျွန်တော် မသိဘူး။ တစ်ခါမှလည်း မမေးဖူးဘူး။ ကျွန်တော့်ထက် ကြီးမှာတော့ သေချာမှာပါ။ အန်တီပိုလေးနဲ့တော့ ရွယ်တူလောက် ရှိပြီ ထင်ရဲ့။

ကိုသေးလေး ဆိုင်ဘက်က ဂစ်တာသံတွေက ကျွန်တော်တို့ဘက် အခြမ်းကို ထိုးဖောက်စ ပြုနေပါပြီ။ ဒါပေမဲ့ ဒါက ကျွန်တော်တို့အတွက် ရိုးနေပြီ။ ကိုသေးလေးဆိုင်မှာ အခုလို ညဘက်ဆို လူစုံနေကျ။ သူ့ဆိုင်ကို လာသောက်တတ် ကြတဲ့ ရပ်ကွက်ထဲက လူငယ်တွေ အများဆုံး ရောက်လာနေကျ။ ညဆို ကိုသေး လေး လက်ဖက်ရည်ဆိုင်လည်း ပိတ်ထားတာပဲ။ ညထွန်းစရာ လျှပ်စစ်မီး တစ်ပွင့် တောင် ဆိုင်ရှင်က တပ်ပေးမထားဘူး။ ဒါပေမဲ့ သူတို့က အမှောင်ထုထဲမှာပဲ

mgyoe.com

ဝိုင်းဖွဲ့ကြတယ်။ လမ်းမီးတိုင်ဘက်က ရောက်လာတဲ့ အလင်းရောင်ပျပျ ကလေးနဲ့ သူတို့ အဆင်ပြေပုံပဲ။ လွတ်လပ်ပျော်ရွှင်ဖို့ လွတ်လပ်မှုကလွဲပြီး ဘာတွေမှ ထပ်မလိုတော့တဲ့ သဘော။

ကျွန်တော်လည်း ဂစ်တာ တီးတတ်ချင်တယ်။ ဂစ်တာသံတွေကို ကျွန်တော် သဘောကျတယ်။ ကိုယ်တိုင်လည်း ဂစ်တာတီးတတ်ချင်တယ်။ ဒါပေမဲ့ ကိုသေးလေး ဆိုင်ဘက်က ညညဂစ်တာသံလေးများ လွင့်လာပြီဆိုရင် အဘွားတို့၊ အန်တီကြီးတို့က မဲ့ရွဲ့နေကြပြီ။

"လမ်းသရဲတွေ..." တဲ့။ "ငါတို့နားထဲတော့ ဒေါင်ဒေါင်ဒင်ဒင်ချည်းပဲ ကြားနေရတယ်" တဲ့။ သူတို့မျက်နှာတွေကို အစွမ်းကုန် တွန့်ခေါက်ပြီး မကြား တကြား ပြောကြသေးတာ။ အမေကတော့ "နားညည်းလိုက်တာ"လို့ပဲ မြည်တွန် တတ်တာကလွဲလို့ အဘွားတို့၊ အန်တီကြီးတို့လောက်တော့ ပြင်းပြင်းထန်ထန် မရှုတ်ချတတ်ဘူး။

"ဟော့... အကြီးကောင်... စာလုပ်လေကွာ၊ ဘာငူနေတာလဲ"

နံဘေးက ရုတ်တရက် ထွက်လာတဲ့ အဖေ့အသံကြောင့် ကျွန်တော် ဖျတ်ခနဲ ဖြစ်သွားတယ်။ အဖေက ကျွန်တော့်ဘေး သူ့အိပ်ရာထဲ ဝမ်းလျား မှောက်ပြီးဘောလုံးဂျာနယ်ဖတ်ရင်းခေါင်းထောင်ကြည့်လိုက်ရာကကျောင်းစာအုပ် တွေ ရှေ့ချပြီး ငေးငိုင်နေတဲ့ ကျွန်တော့်ကို သတိပြုမိသွားပုံ ရတယ်။

"အင်း...အဲ...လုပ်နေပါတယ်အဖေရ၊ဒီသင်္ချာပုစ္ဆာကိုစဉ်းစားနေ[illegible]..."

"အေးနော်... မင်းတို့ ပြောလိုက်ရင် ဆင်ခြေချည်းပဲ၊ မိပိုရေ... [illegible] နင့်တူကို ကြည့်ကျက်လုပ်ဦးဟ..."

အဖေက ဒေးဗစ်ဘက်ခမ်းတို့၊ မိုက်ကယ်အိုဝင်တို့၊ စီးရီးအေပွဲ၊ ဥရောပဖလားတို့နဲ့ ပြည့်နှက်နေတဲ့ ဂျာနယ်ထဲ ခေါင်းပြန်စိုက်လိုက်ရင်း အပ[illegible] ခန်းထဲ လှမ်းအော်လိုက်တာပါ။ အတွင်းခန်း လိုက်ကာထဲမှာ မြေးအဘွား သားအမိတွေ ကျိတ်ကျိတ် ကျိတ်ကျိတ် လုပ်နေရာက စက္ကန့်နည်းနည်းလောက် အသံတိတ် သွားတယ်။ ပြီးမှ အမေ့အသံ အရင်ဆုံး ထွက်လာတယ်။

"အကြီးကောင်ရေ... ပြောရတယ်နော်... ဒီအရွယ်အထိ စာကျက်ဖို့ ပြောနေရတုန်းလား... ဟင်..."

အမေ့အသံနောက်က ကပ်ပါလာတာကတော့ [illegible] အမေက ညီမလေးကို ခါးထစ်ခွင် ချီလို့။ ညီမလေး လက်ထဲမှာ ကော်ရုပ်မလေး[illegible]

mgyoe.com

mgyoe.com SAMPLE BOOK


တစ်ရပ်က တိုးလိုးတွဲလောင်း ပါလာတယ်။ ညရဲ့ မီးရောင်အောက်မှာ အရိပ်တချို့ ထိုးကျနေတာကြောင့် အမေ့အသားအရေတွေဟာ ပိုညိုနေသလိုပါပဲ။

"အမေတို့ ငါ့သားကို ကျောင်းဘယ်လို ထားရတယ် ဆိုတာ မင်း သိတယ်မို့လား"

အမေ့အသံက မူရင်းအသံ ခပ်ကျယ်ကျယ်ကနေ ခပ်အုပ်အုပ်လေး ဖြစ်သွားတယ်။ ဘေးဆိုင်က ကိုသေးလေးတို့ အုပ်စုတွေ ကြားသွားမှာ စိုးတယ် ထင်ရဲ့။ တကယ်တော့ အမေကိုယ်တိုင် သူပြောတဲ့ စကားသံကို ပြန်မကြားရဲ တာလည်း ဖြစ်နိုင်တယ်။ ပြောနေရင်း အမေ့မျက်နှာဟာ ကျွန်တော့်မျက်နှာနဲ့ နီးကပ်လာတဲ့အထိ ကိုင်းညွတ်လာတယ်။

ကျွန်တော့်ကို အမေတို့ ကျောင်းဘယ်လိုထားရလဲ ဆိုတာထက် ကျွန်တော်တို့ မိသားစုတွေ ဘယ်လိုနေထိုင်ရတယ် ဆိုတာကို ကျွန်တော် ပိုသိ၊ ပိုခံစားမိတယ်။ ကျွန်တော် ကျောင်းမှာ ဘယ်လို ရှင်သန်ရတယ် ဆိုတာကိုလည်း အမေတို့ သိတယ်မို့လားလို့ ကျွန်တော် ပြန်မေးချင်သေးတယ်။ ကျွန်တော် နေတဲ့ ကျောင်းက ရန်ကုန်မြို့လယ်က ကျောင်းကြီးတစ်ကျောင်းပါ။ ကျောင်းမှာ လိုအပ် တဲ့ စာအုပ်ဖိုး၊ ဘာကြေးညာကြေးဖိုးတွေကို ပေးနိုင်နေရုံနဲ့ လုံလောက်နေပြီလို့ အမေတို့ ထင်နေပုံ ရပါတယ်။ ဒါပေမဲ့ လမ်းဘေးလက်ဖက်ရည်ဆိုင်လေးရဲ့ တာလပတ်စ လိုက်ကာကို ဖြဲပြီး ကျောင်းလာတက်တဲ့ ကောင်လေးတစ်ယောက် မှာ ခေါင်းစဉ်တပ်လို့ မရတဲ့၊ ဒါမှမဟုတ် ခေါင်းစဉ်တပ်လို့ မလွယ်ကူတဲ့ စိတ်ခံစား ချက်တွေကလည်း ရှိနေသေးတယ် မဟုတ်လား။

"အမေတို့ ဘဝမှာ ဘာမှ သေသေချာချာ ရှိတာ မဟုတ်ဘူး၊ ဒီကြားထဲ က ငါ့သားကို ဖျစ်ညှစ်ပြီး ကျောင်းထားရတာ... အမေတို့ အဖေတို့ကို ကြည့်စမ်း၊ ပညာမတတ်ခဲ့တော့ ..."

ကျွန်တော် ခေါင်းငုံ့ထားပြီး မျက်လုံးတွေကို စာအုပ်ပေါ် ထိုးစိုက် ထားလိုက်တယ်။

"ကိုပေါက်စီ... တော်လည်း... ဒီချဲ့တွေချည်း လုပ်မနေနဲ့ဦးလေ၊ ကိုယ်နဲ့ တစ်အိပ်ရာတည်း အတူအိပ်တဲ့ သားကို နည်းနည်းလေး လှည့်ကြည့်ပါဦး..."

အမေ့မြားဦးက ရုတ်တရက် လမ်းကြောင်းပြောင်းသွားတယ်။ ခုတင်ပေါ် ဝမ်းလျားမှောက်ပြီး ဘောလုံးဂျာနယ်ထဲ ထိုးစိုက်ထားတဲ့ အဖေ့ဦးခေါင်း ဆတ်ခနဲ မော့သွားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"မင်းတို့က လုပ်ပြီ... တစ်ဆိတ်ရှိ ဒါပဲ ရန်ရှာနေကြတာပဲ၊ ငါ တစ်နေကုန် တမတ်တတ်တတ်နဲ့၊ ဒီအချိန်လေး နားရတာကို..."

အဖေက ပြောပြောဆိုဆိုနဲ့ သူ့ဘောလုံးဂျာနယ်ကို ပြန်ခေါက်လိုက်ပြီး ဝမ်းလျားမှောက်ရက်ကနေ ထထိုင်လိုက်တယ်။

"တော့်ကို ဒီအချိန်လေး မနားနဲ့လို့ ပြောနေတာ မဟုတ်ဘူး၊ ဘေးနားက တော် မွေးထားတဲ့ သားကို နည်းနည်းသတိထားပေးဖို့ ပြောနေတာ..."

အမေ့စကား မဆုံးလိုက်။ ယာယီခုတင်လေးပေါ်က ဝုန်းခနဲ ဆင်းပြီး ကြိုးစတစ်ဖက်ကို ဆောင့်ဆွဲဖြုတ်လို့ တာလပတ်စကြီးကို ဖယ်ကာ အဖေ့ ခြေတံရှည်ကြီးတွေက အပြင်ဘက်ကို ထွက်သွားလေပြီ။

"ဒါပဲ... ဒီလိုပဲ..."

အမေလည်း ဒါပဲ ပြောလိုက်နိုင်ပါတယ်။ ပတ်ဝန်းကျင် အခြေအနေ ကြောင့်သာ မဟုတ်ရင် ဒီလောက်နဲ့ အမေ ဘယ်ကျေနပ်လိမ့်မလဲ။ အခုတော့ ဒေါသထွက်နေတဲ့တိုင်အောင် လေသံကို ခပ်အုပ်အုပ် ဖုံးဖိထားရတယ်။

"ကဲ... အကြီးကောင်... ပြစမ်း... နင့်စာအုပ်တွေ..."

အတွင်းခန်းထဲကနေ အန်တီပိုလေး ထွက်လာတယ်။ အစ်မ လင်မယား ရဲ့ အပြန်အလှန် တိုက်ပွဲတိုလေးက ရိုက်ခတ်သွားတယ် ထင်ပါတယ်။ အဘွားရဲ့ ညည်းညူသံ ခပ်လေးလေးကလည်း အတွင်းခန်း လိုက်ကာ အပေါ်ကနေ ကျွန်တော့် နားထဲအထိ လွင့်ပျံ့လာလေရဲ့။ အန်တီပိုလေးက ကျွန်တော့်ရှေ့မှာ ချထားတဲ့ စာအုပ်တွေကို ဖြုန်းဖြုန်းဖြင်းဖြင်း ဆွဲယူကြည့်တယ်။ ကျွန်တော်က ညီမလေးကို ချီထားရက်နဲ့ အလိုမကျစွာ ထိုင်နေတဲ့ အမေ့ကို မလုံမလဲ ကွက်ကွက် ကြည့်နေမိတယ်။ ကျွန်တော့်ကြောင့် အဖေနဲ့ အမေတို့ တစ်ယောက် တစ်ခွန်း စကားများကြရပြီ မဟုတ်လား။

"ကဲ... အကြီးကောင်... ဒီကို ကြည့် ..."

အန်တီပိုလေးက ကျွန်တော် ပြလိုက်တဲ့ သင်္ချာပုဒ်စာကို ရှင်းပြဖို့ စတင် လိုက်ပါတယ်။

တကယ်တော့ ကျွန်တော်က ဂဏန်းသင်္ချာတွေကို မုန်းတီး ကြောက်ရွံ့ တဲ့ ကျောင်းသား တစ်ယောက်ပါပဲ။

❖ ❖ ❖

mgyoe.com

mgyoe.com

ခဲ့ဒီညက အဖေ ဘယ်အချိန် ပြန်ရောက်လာသလဲ ဆိုတာ မသိလိုက်ဘူး။ ကျွန်တော် တစ်ရေးနိုးတော့ အဖေ့ဆီက ရနေကျ ဆေးပေါ့လိပ်အနံ့ စူးစူးက ကျွန်တော့်အဆုတ်ထဲ စီးဝင်နေကြပြီ။ အဖေ ကျွန်တော့်ဘေးမှာ အိပ်ပျော်နေပြီ။ အဖေသာ မကဘူး၊ တစ်အိမ်လုံး အိပ်ပျော်နေကြတာ။ တစ်အိမ်လုံးလည်း မှောင်နေပြီ။ နောက်ကျောမှီထားတဲ့ ရုံးက သွယ်ထားတဲ့ လျှပ်စစ်မီးချောင်း နှစ်ချောင်းဟာ ည ၁၀ နာရီအထိပဲ ပေးထားတာကိုး။ ဒါပေမဲ့ လမ်းမီးရောင် ပျပျလေးက ဆိုင်ထဲ ခြေသံဖွဖွလေး ဝင်ရောက်နေတယ်လေ။

ကျွန်တော့်ဘေးမှာ တခူးခူး အသံပေး အိပ်နေတဲ့ အဖေ့ကို ကျွန်တော် ညအမှောင်ထဲမှာပဲ လည်ပြန်ကြည့်နေမိတယ်။ ညအမှောင်ထုထည်ဟာ ကျွန်တော့် မျက်လုံးတွေကို မကာကွယ် မတားဆီးနိုင်ဘူး။ အဖေ့မျက်နှာကို ကျွန်တော် အသေအချာ မြင်နေရတယ်။ နှာခေါင်းချွန်ချွန်နဲ့ မျက်လုံးအိမ် ဖောင်းဖောင်း နှစ်ခုဟာ ရှည်သွယ်တဲ့ အဖေ့မျက်နှာမှာ အထင်ရှားဆုံး အမှတ်အသား နှစ်ခုပဲ။ ဖြောင့်ဖြောင့်စင်းစင်း ရှင်သန်နေတဲ့ အဖေ့ဆံပင်တွေဟာ တကူးတက ဖြီးသင်စရာ မလိုဘဲ အချိန်တိုင်း သပ်ရပ်နေတတ်တယ်။ တခူးခူးနဲ့ ဟောက်သံပေးနေတဲ့ အဖေ့နှုတ်ခမ်းတွေက ဆေးလိပ်တွေ အသောက်များလို့ ခပ်ပြာပြာ ဖြစ်နေပေမယ့် ကျယ်လောင်တဲ့ စကားပြောသံ၊ အထိန်းအကွပ်မဲ့ ရယ်သံတွေကို ထုတ်လွှတ်ဖို့ အတွက် ခွန်အားတွေ လုံလုံလောက်လောက် ရှိနေသလို။

ညက အမေနဲ့ စိတ်ဆိုးပြီး အဖေ ဘယ်ကို ထွက်သွားခဲ့တာလဲ။ ဂြိုဟ်တုစလောင်းတပ်ထားပြီး ရုပ်ရှင်တွေပြတတ်တဲ့ တခြားလက်ဖက်ရည်ဆိုင် ကြီးကြီးတွေဆီလား။ ပန်းဆိုးတန်းဘက်က ပလက်ဖောင်းတွေဆီလား။ အရက် သွားသောက်တာတော့ မဖြစ်နိုင်။ အဖေက ဆေးပေါ့လိပ်ကိုသာ မီးခိုးခေါင်းတိုင် ဖြစ်အောင် သောက်တတ်ပေမယ့် အရက်သောက်တာတော့ ကျွန်တော် တစ်ခါမှ မတွေ့ဖူးဘူး။ အဖေလည်း ဒီအသိုက်ကျဉ်းလေးထဲမှာ တကယ်ပဲ ထွက်ပေါက် ပိတ်နေခဲ့တာလား။

ကျွန်တော် အမှောင်ထုထဲ မြုပ်ဝင်နေတဲ့ နေရာလေးကို ငေးကြည့် မိတယ်။ ဒါ... ကျွန်တော်တို့ အိမ်တဲ့။ အမေကတော့ တချို့ လူစိမ်းတွေနဲ့ စကားပြောရင် ကျွန်တော်တို့မှာ အိမ်ရှိကြောင်း၊ လှိုင်သာယာမှာ ဖြစ်ကြောင်း၊ ဒီနေရာလေးမှာ စီးပွားရေးလုပ်လို့ အဆင်ပြေတာကြောင့် လှိုင်သာယာအိမ်ကို [illegible] မပြန်ဖြစ်တော့ဘဲ ဒီနေရာလေးမှာ ဖြစ်သလို နေလိုက်ကြောင်း စတဲ့

mgyoe.com

အကြောင်း အကြောင်းတွေကို အသံဖွာဖွာနဲ့ ပြောနေတတ်တယ်။ ခက်တာက အမေပြောတဲ့ စကားတွေဟာ မြန်မာစကားနဲ့ ပြောနေပေမယ့် ကျွန်တော် နားမလည်နိုင်တာပဲ။ အမေပြောသလို လှိုင်သာယာမှာ ကျွန်တော်တို့ နေခဲ့ဖူးတာကို ကျွန်တော် ခပ်ရေးရေး မှတ်မိနေတာတော့ အမှန်။ ဒါပေမဲ့ တဲသာသာလေးကို ငှားနေခဲ့ကြတာပါ။ အဲဒီအိမ်လေးကနေ ကျွန်တော်တို့ မိသားစု ထွက်လာကြတာ ဘယ်လောက်ကြာပြီလဲ။

အမေ အဲဒီလို ပြောနေတိုင်း အဖေတို့၊ အန်တီပိုလေးတို့ မျက်လုံးတွေက အမေ့ဆီကို မကြာမကြာ လှမ်းကြည့်တတ်ကြတယ်။ အမေကလည်း သူ့မိသားစုရဲ့ မျက်လုံးတွေကို ဘာသာပြန်တတ်ပါပေရဲ့။ အဲဒီလူတွေ ပြန်သွားရင်တော့ "ကိုယ်တွေကို လမ်းဘေးနေ နေတယ်ဆိုပြီး အထင်သေးမှာ စိုးလို့ပါဟယ်..." လို့ လေပြေလေး ပြန်သွေးတတ်ပါသေးတယ်။ အဲဒီအခါမျိုးဆို အဘွားကလည်း "အင်း... ရွာက အိမ်များ သတိရလိုက်တာ... အိုး... နင်တို့အဖေ ရှိတုန်းကဆို..." ဆိုပြီး မျက်မှန်ကြီးအောက်က မျက်လုံးဝေသီသီတွေဟာ အဝေးကို ငေးငေးကြီး လွင့်သွားတော့တာပဲ။

အဘွားရဲ့ "ရွာကအိမ်" ဆိုတဲ့ နောက်ကြောင်းပြန် ဇာတ်လမ်းတွေဟာ ကျွန်တော့်အတွက် ပုံပြင်တစ်ပုဒ်လိုပါပဲ။ တကယ်တော့ ကျွန်တော်သာမက ပါဘူး၊ မြန်မာပြည် အလယ်ပိုင်း မိုးခေါင်ရေရှား ရပ်ဝန်းတစ်နေရာမှာ ကျန်ရစ်ခဲ့တဲ့ ကျွန်တော် မရောက်ဖူးတဲ့ "ရွာ" ဆိုတာ အမေတို့၊ အန်တီကြီးတို့အတွက်လည်း တကယ့်ပုံပြင်တွေ ဖြစ်ခဲ့ကြပြီလေ။

●

mgyoe.com

mgyoe.com
SAMPLE BOOK

# (၃)

မနက်လေးနာရီ ဆိုရင် ကျွန်တော်တို့ ဆိုင်လေး စတင် အသက်ဝင်ချိန်ပဲ။ ဒီတော့ ကျွန်တော်လည်း အိပ်ရာထဲ နေမြင့်တဲ့အထိ ဆက်ကွေးချင်လို့ မရဘူး။ ကျွန်တော်တို့ သားအဖအိပ်တဲ့ ခုတင်ဆိုတာ လက်ဖက်ရည်ဆိုင် စားပွဲခုံတွေလေ။ ဆိုင်ခင်းရဦးမယ် မဟုတ်လား။ အဖေကတော့ သူ ရေနွေးအိုး တည်ဖို့ ထ,ပြီဆိုရင် ကျွန်တော့်ကို ချက်ချင်း မနှိုးသေးဘူး။ သူ့ဘာသာ ရေနွေးအိုးတည်တာ၊ အီကြာကွေး ကြော်ဖို့ပြင်တာ ဆင်တာတွေကို ဆက်လုပ် နေသေးတယ်။ မနက် ငါးနာရီလောက် ဆိုရင်တော့ ကျွန်တော့်ကို မဖြစ်မနေ နှိုးရပါပြီ။ ကျွန်တော့် ခုတင်လေးဟာလည်း စားပွဲခုံလေးတွေအဖြစ် တစ်စစီ ပြိုကွဲသွားပါတော့တယ်။ ကျောင်းဖွင့်တဲ့နေ့တွေဆို အမေတို့ အတွင်းခန်းထဲ ဝင်ပြီး စာအုပ်ရှေ့ချပြီး ကွေးလို့ ရသေးပေမယ့် ကျောင်းပိတ်တဲ့ မနက်တွေမှာတော့ အဲဒီလို အခွင့်အရေး မရှိပါဘူး။ ကျွန်တော်လည်းအိပ်မှုန်စုံမွှားနဲ့ လက်ဖက်ရည်ဆိုင်အိမ်လေးထဲက အရန်ကစားသမားလေး အဖြစ် ပါဝင်ရတာပဲ။

mgyoe.com

SAMPLE BOOK

လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်ရဲ့ မနက်ခင်းဆိုတာ လူကုန် လှုပ်ရှားနေရတာမျိုး။ ကျွန်တော်တို့ ဆိုင်လေးက လက်ဖက်ရည်အပြင် မနက်ခင်းစာအဖြစ် ထမင်းကြော်နဲ့ ပဲထမင်း ဆီဆမ်းလည်း ရောင်းရသေးတယ်။ ဒီတော့ မနက်စောစောဆို အဘွားနဲ့ ညီမလေးက လွဲလို့ ကျန်လူတွေ အားလုံးဟာ ဆိုင်ခန်းကျဉ်းကျဉ်းလေးထဲ ခြေချင်းလိမ်နေကြရတယ်။

မနက်ခြောက်နာရီခွဲ၊ ခုနစ်နာရီလောက်ဆိုရင် ကျွန်တော်တို့ မျက်နှာချင်းဆိုင်က ဆောက်လုပ်ရေးလုပ်ငန်းခွင်ကနေ လူတစ်ယောက်စ၊ နှစ်ယောက်စ ရောက်လာတတ်ပြီ။ ဆိုက်ကားဂိတ်က ဦးငမျိုးတို့၊ ဦးကျော်လေးတို့ အဖွဲ့လည်း ရောက်လာကြပြီ။ ပြီးတော့ လမ်းထဲက လူတွေ၊ လမ်းလျှောက်ရာက လက်ထဲသတင်းစာလေး တကိုင်ကိုင်နဲ့ ပြန်လာကြသူတွေ...။ မနက်ခင်းတွေဟာ ကျွန်တော်တို့ ဆိုင်လေးအတွက် လက်ဖက်ရည်မှာသံ၊ ကြက်ဥကြော်သံ၊ ပန်းကန်ဆေးသံ၊ အဖေနဲ့ အမေတို့ရဲ့ အပြန်အလှန် အော်ဟစ်ပြောဆိုသံတွေနဲ့ စည်ကားနေတတ်ပါတယ်။

အဖေနဲ့ အမေက စကားပြောရင် အသံခပ်ကျယ်ကျယ် ပြောတတ်ကြတာ ထုံးစံတစ်ခုလို ဖြစ်နေပြီ။ အထူးသဖြင့် အဖေ့အသံပေါ့။ လမ်းလျှောက်ရင်လည်း ခြေလှမ်းကျဲကြီးတွေနဲ့။ သူ့ခြေတံရှည် ဒူးရှည်ကြီးနဲ့ တစ်ဆုံးလှမ်းတတ်တာ။ ပုဆိုးဝတ်ရင်လည်း ဘယ်တော့ဖြစ်ဖြစ် ဒူးဆစ်ရဲ့ အောက်ခြေနားအထိ တိုတိုဝတ်တတ်တယ်။ တစ်ခါတလေ သစ်သားခုံဖိနပ်ကြီး တဂွပ်ဂွပ်နဲ့ လုပ်တတ်သေးတယ်။

❖ ❖ ❖

ကျွန်တော်တို့ ဆိုင်လေးမှာ ပုံမှန်ဖောက်သည်တွေ ရှိတတ်တယ်။

"ပေါက်စီရေ... ပေါ့စိမ့်တစ်ခွက် လုပ်ပါကွာ..."

အဲဒီလို အသံနဲ့ ဝင်လာရင် ဦးကတုံးပဲ။

စားပွဲမှာ မထိုင်ရသေးခင်ကတည်းက ဦးကတုံးအသံ အရင်ရောက်လာတတ်တယ်။ ပြီးတော့ ဆိုင်ထဲကို ဝေ့ကြည့်တယ်။ အဲဒါ အန်တီကြီးကို ရှာတာပဲ။

ဦးကတုံး ဆိုတာ နာမည်နဲ့ လိုက်ဖက်ပါတယ်။ အရပ်အမောင်း ခပ်ပျပ်ပျပ်၊ လူကောင်ကျစ်သေးသေးနဲ့ ဘယ်တော့ကြည့်ကြည့် သူ့ဦးခေါင်းပေါ်မှာ ဆံပင်ဆိုတာ ရှည်လာတယ်လို့ကို မရှိဘူး။ အမြဲတမ်း ခေါင်းတုံး,တုံးထားသလို ဖြစ်နေ

mgyoe.com

mgyoe.com

တတ်တယ်။ နှာခေါင်းကြီးကြီး၊ နားရွက်ကားကား၊ ခေါင်းတုံးဆံပင်ပေါက်နဲ့ လူကောင်ကျစ်ကျစ် ဦးကတုံးများ လမ်းထိပ်က ဝင်လာတာတွေ့တာနဲ့ အန်တီကြီးဆို ဆိုင်အတွင်းထဲ ဝင်သွားတော့တာပဲ။

တကယ်ဆို ဦးကတုံးကို ကျွန်တော်တို့ တစ်ဆိုင်လုံး သဘောသိပ်ကျလှတယ် မဟုတ်ပါဘူး။ ကျွန်တော်တို့ တစ်ဆိုင်တည်းလား ဆိုတော့လည်း မဟုတ်သေးဘူး။ ဒီနားက ဆိုင်တန်းလေးတွေ အကုန်လုံး သူ့ကို မကြိုက်ကြတာ။ ဒါပေမဲ့ ခက်နေတာက ဒီနားက ဆိုင်အားလုံး ဦးကတုံးနဲ့ ကင်းလို့မရတာပဲ။ ဒီနားက ဆိုင်လေးတွေ အားလုံး ဒီနေရာမှာ ဖွင့်လှစ်ရောင်းချတဲ့အတွက် ဦးကတုံးကို လစဉ်ကြေး ပေးနေရတယ် တဲ့။ ဒါ ကျွန်တော် သိသလောက် ကျွန်တော်တို့ ဆိုင်လေးတွေနဲ့ ဦးကတုံးကြား ပတ်သက်မှုပဲ။ ကျွန်တော်တို့လို ဆိုင်လေးတွေက စည်ပင်သာယာနဲ့ သက်ဆိုင်ပေမယ့် ဘာကြောင့် ဦးကတုံးကို ပိုက်ဆံပေးရတယ် ဆိုတာတော့ ကျွန်တော် မသိဘူး။ အဖေတို့ အမေတို့ကလည်း ကျွန်တော့်ကို ဒီ့ထက်ပိုပြီး သိခွင့် ပေးမထားဘူး။ ဒါပေမဲ့ သူဟာ မကြာသေးခင်ကမှ အမှောင်ထဲကနေ အလင်းရောင်ထဲ ရောက်လာခဲ့သူလို့ ကျွန်တော် သတင်းသဲ့သဲ့ ကြားဖူးတယ်။ ဒီဆိုင်လေးတွေကနေ လစဉ်ကြေး ရနေတာကလည်း သက်ဆိုင်ရာက သူ့ဘဝ ရပ်တည်ဖို့ အစားပြန်ပေးထားတာ တဲ့။ ဘယ်လိုပဲ ဖြစ်ဖြစ်လေ၊ လက်တွေ့မှာတော့ ဒီဆိုင်တန်းလေးတွေဟာ အရောင်မွဲမွဲ၊ အာကျယ်ကျယ်နဲ့ ခေါင်းတုံးဆံပင်ပေါက် လူတစ်ယောက်ကို အခြေအနေအရ အသက်အောင့် နမ်းနေရတာတော့ အမှန်ပဲ။

လမ်းထိပ်က ဆိုက်ကားဂိတ်မှာ သူ့တပည့်တွေ ရှိနေတာပဲ။ သူ လာတာ မြင်တာနဲ့ "ဟာ... ဆရာသမား" ဆိုပြီး ခရီးဦးကြို နှုတ်ဆက်တတ်ကြတယ်။ သူကလည်း မနက်ခင်း လင်းပြီ ဆိုတာနဲ့ ဒီနေရာလေးကို မလာရ မနေနိုင် ဖြစ်နေသလား မသိ။ ဒီနေရာလေးကို ရောက်လာတာနဲ့ ထိပ်တည့်တည့်က ကိုဂျူး ကွမ်းယာဆိုင်မှာ ကွမ်းယာ အရင်ဝယ်တယ်။ ပြီးရင် ကျွန်တော်တို့ဆိုင် မဟုတ်လည်း ကိုသေးလေးဆိုင်ဖြစ်ဖြစ်၊ မကြီးသီတာတို့ အသုပ်ဆိုင်ဖြစ်ဖြစ် တန်းဝင်ထိုင်တော့တာပဲ။ ကျွန်တော်က ဦးကတုံး မကြီးသီတာတို့ဆိုင် ဝင်ထိုင်ရင် သဘောမကျဘူး။ သူ မိန်းကလေးတွေကို ကြည့်တဲ့ မျက်လုံးတွေကို ကျွန်တော် နားလည်နေပြီးသားလေ။ မိန်းကလေးတစ်ယောက်ကို ကြည့်ပြီဆို မျက်နှာက စ, ကြည့်တဲ့ လူစားမျိုးလည်း မဟုတ်ဘူး။ မျက်နှာအလှကို အဓိကထားတဲ့ လူမှ မဟုတ်တာ။ အဲဒီမျက်လုံးမျိုးတွေနဲ့ မကြီးသီတာကို အကြည့်မခံစေချင်တာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK


ဒါပေမဲ့ ကျွန်တော်က ဘာတတ်နိုင်လို့လဲ။ သူကတော့ အသုပ်စားချင်ရင် သွားထိုင်တာပဲ။ ပြီးရင် ကျွန်တော် မလိုလားတဲ့ မျက်လုံးမျိုးနဲ့ မကြီးသီတာကို ကြည့်တာပဲ။ မကြီးသီတာလည်း သူ့အကြောင်း သိနေပေမယ့် ဘယ်လိုရှောင်တိမ်းလို့မှ မရတာ။

ဦးကတုံးကို ခင်တဲ့ တခြားသူတွေ ရှိသေးတယ်။ သူတို့က ဆိုက်ကား ဂိတ်ကလည်း မဟုတ်ဘူး။ ရှေ့မျက်နှာချင်းဆိုင်က ဆောက်လုပ်ရေး ဆိုက်ထဲကလည်း မဟုတ်ဘူး။ ဒီလမ်းထဲက လူငယ်တချို့ပဲ။ ဦးကတုံးနဲ့ တွေ့ဖို့ ကျွန်တော်တို့ ဆိုင်လေးတွေဘက် တမင်လာကြတာ။ တစ်ခါတလေ ဦးကတုံးများ မရောက်ဖြစ်တဲ့နေ့ဆို "ကိုကတုံး လာသေးလား" "ကိုကတုံး လာရင် ဘယ်သူတွေ လာသွားတယ်လို့ ပြောပေးပါ" ဆိုပြီး သတင်းစကား ချန်ခဲ့တဲ့ သူတွေတောင် ရှိတယ်။

တကယ်ဆို ဒီလူတွေနဲ့ ဦးကတုံးနဲ့က အခြေအနေတွေ သိပ်တူကြတာ မဟုတ်ဘူး။ အနေအထိုင်တွေလည်း တူကြတာ မဟုတ်ဘူး။ ဒါပေမဲ့ ဒီလူတွေနဲ့ သူ့ကြားမှာ ဘယ်လို ပတ်သက်မှုတွေ ရှိနေကြမှန်း ကျွန်တော် စဉ်းစားမရခဲ့ဘူးပေါ့။ နောက်တော့လည်း ပတ်ဝန်းကျင် အသံဆိုတာ နည်းနည်းလောက် နားစွင့်ကြည့်ရုံနဲ့ သိချင်တာကို သိရတာပဲလေ။ ဦးကတုံးနဲ့ ဒီလူတွေကြားမှာ ရှိနေတဲ့ ပတ်သက်မှုဟာ ဆေးခြောက် ဖြစ်နေတယ်။ ဒီအရာအတွက်ဆို ဦးကတုံးဟာ အင်မတန် စိတ်ချရတဲ့ ဝန်ဆောင်မှုကို ပေးစွမ်းနိုင်သူ ဖြစ်နေတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး ညတစ်ညကို ကျွန်တော် မကြာခဏ သတိရတတ်တယ်။ ကျွန်တော်နဲ့ မချိန်းဆို မရည်ရွယ်ဘဲ မတော်တဆ ဝင်တိုက်မိခဲ့တဲ့ ညတစ်ည ဆိုပါတော့။

အဲဒီတုန်းက နွေရာသီကြီး။ ပူလောင်အိုက်စပ်တဲ့ နွေညတွေဆိုရင် ကျွန်တော်တို့ ဆိုင်ခန်း အိမ်ကလေးဟာ ဝက်ခြံကျဉ်းကျဉ်းကလေးထဲက ဝက်တွေ အတိုင်းပဲ။ ညည်းညူ လူးလိမ့်ရင်း၊ ရာသီဥတုကို ဆဲဆိုမြည်တွန်ရင်း နောက်တစ်နေ့ မနက်ခင်းကို ရောက်ဖို့ အပူလောင်နေတဲ့ နွေညကို အလျားလိုက် ဖြတ်ကူးကြရတယ်။

အဲဒီလို ညတစ်ညမှာပါပဲ။

ကိုသေးလေး ဆိုင်ဘက်မှာ ဂစ်တာဝိုင်းက စည်ကားနေကြပြီ။ ဒီညမှာ လူဦးရေ ပိုများပြီး လူလည်း ပိုစုံသလိုပဲ။ ဦးကတုံးအသံက ပိုအကျယ်ဆုံး ဆိုတာတော့ အထူးပြောဖို့ မလိုဘူး။ တာလပတ် နံရံလေးကို ထိုးဖောက်ပြီး ကျွန်တော် ကြားနေရတဲ့ အသံတွေအရ ဒီညဟာ ဂစ်တာနဲ့ သီချင်း နှစ်မျိုးတည်း မဟုတ်တာ သေချာမှန်း ကျွန်တော် တွေးမိတယ်။ အန်တီကြီးတို့၊ အမေတို့၊

mgyoe.com

mgyoe.com

SAMPLE BOOK


အဘွားတို့ကတော့ ကိုသေးလေးတို့ဘက်က အသံဟူသမျှကို နွေရာသီ အပူဒဏ်နဲ့ အတူရောထွေး ကျိန်ဆဲရင်း အိပ်ပျော်ဖို့ ကြိုးစားနေကြပါတယ်။ အဖေက ထုံးစံအတိုင်း ဆေးပေါ့လိပ်ကလေး လက်ကြားညှပ်လို့ ဘောလုံးပွဲ သွားကြည့်တာလား၊ ရုံးစောင့် အဘိုးကြီးနဲ့ စကားဝိုင်း ဖွဲ့နေကြသလား မသိ။ ရှေ့က စားပွဲခုံတွေ ဆက်ထားတဲ့ ယာယီခုတင်ပေါ်မှာ ကျွန်တော် တစ်ယောက်တည်းပါပဲ။

ည ၁၀ နာရီလောက် ရောက်တော့ ကျွန်တော်လည်း အိပ်ရာပေါ်က လူးလဲထပြီး ရှေ့က တာလပတ်စလေးကို ဖြလို့ ကိုသေးလေးဆိုင်ဘက် လှမ်းကဲကြည့်လိုက်ပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော် ထင်ထားတဲ့ အတိုင်းပါပဲ။ အရင်ညတွေထက် လူပိုစုံနေကြတယ်။ ဂစ်တာကချည်း နှစ်လက်။ စားပွဲပေါ်မှာလည်း ပုလင်းတွေ၊ ဖန်ခွက်တွေတင် မကဘူး၊ ပန်းကန်တွေပါ တွေ့ရသေးတာ။ ပြီးတော့ ဟင်းတစ်မျိုးမျိုး ချက်စားကြတဲ့ အနံ့။ ဆိုင်ထောင့်မှာ မီးသွေးဖိုက တရဲရဲ။

"ဟော့ကောင်... အကြီးကောင်... လာလေကွာ..."

ဟင်းပန်းကန် နှိုက်လိုက်၊ ဖန်ခွက်မော့လိုက်၊ သီချင်းတွေ လိုက်ဆိုလိုက် လုပ်နေတဲ့ ဦးကတုံးက အသံခပ်အုပ်အုပ်နဲ့ လှမ်းခေါ်တော့ ကျွန်တော် တွန့်ခနဲ ဖြစ်သွားတယ်။ တကယ်တော့ ကျွန်တော် ကိုယ်တိုင်ကိုက ဒီအဖွဲ့နဲ့ ဝင်နွှဲချင်နေပြီ။ အနည်းဆုံးတော့ ဂစ်တာနဲ့ သီချင်းလိုက်ဆိုချင်တာပဲ။ ဒါပေမဲ့ ကျွန်တော်နဲ့ မရင်းနှီးတဲ့ လူတွေလည်း ပါနေပြန်၊ အရက်ဝိုင်းလည်း ပါနေပြန်၊ အန်တီကြီးတို့ အမေတို့ သိသွားမှာလည်း ကြောက်နေပြန်တာကြောင့် နောက်တွန့်သွားရတာ။

"လာလေကွာ... လာစား..."

ကျွန်တော်နဲ့ မျက်နှာချင်း တန်းမိနေတဲ့ အစ်ကိုကြီး တစ်ယောက်ကလည်း ခုံတစ်လုံး ချပေးတယ်။

"ဒီကောင်က နည်းနည်းရှော့ရှိတယ်နော်..."

ကိုသေးလေးက မီးဖိုပေါ်က အိုးထဲကနေ ပန်းကန်တစ်လုံးထဲ ဟင်းခပ်ထည့်နေရာကနေ တခြားလူတွေကို လှမ်းပြောတယ်။ တခြားသူတွေလည်း မျက်နှာတစ်မျိုး ပြောင်းကုန်ကြတာပဲ။ ကျွန်တော် ကိုသေးလေးအပေါ် ရုတ်တရက် မုန်းတီးစိတ် ဝင်သွားမိတယ်။ ဒါဟာ ကျွန်တော့်ကို လူပုံအလယ်မှာ သိက္ခာချလိုက်တာမျိုး မဟုတ်လား။ ရပ်ကွက်ထဲက ကောင်တွေက အရာသွင်း ဆက်ဆံလိုက်တာနဲ့ သူ့ကိုယ်သူ ခြေဖျားထောက်သွားတာ ထင်ရဲ့။

mgyoe.com

"ရှော့ရှိတယ်ဆိုတာ ဟိုသင်းပါ... သူ့အိမ်က လူကြီးတွေ ဆူမှာ စိုးလို့ပါ... ရှော့... ရှော့... အကြီးကောင်... ဟင်းတော့ လာစား..."

ဦးကတုံးက သူ့လူတွေကို ရှင်းပြရင်း ကျွန်တော့်ကို ထပ်ခေါ်တယ်။ ကျွန်တော် နောက်က ဆိုင်ထဲ ပြန်ငဲ့ကြည့်လိုက်တော့ ငြိမ်သက်လို့။ ဒါနဲ့ စိတ်ကို ပိုင်းဖြတ်ချလိုက်ပြီး ကိုသေးလေးဆိုင်ဘက်ကို ကူးသွားလိုက်တယ်။ ပြီးတော့ သူတို့ကြားက လွတ်နေတဲ့ ခုံတစ်လုံးမှာ ဝင်ထိုင်ပြီး စားပွဲပေါ်က နီးစပ်ရာ ဟင်းပန်းကန်ကို ကောက်ကိုင်လိုက်တယ်။

"စား... စား... အကြီးကောင်... ဝက်သားဟင်း..."

ဦးကတုံးက ပြောလိုက်တာပါ။ ကိုသေးလေးက ကျွန်တော့်ကို သိပ်မလို လားသလို လှမ်းကြည့်တယ်။ တခြားတစ်ဖက်က ပြန်တွေးရင် ကိုသေးလေးကို လည်း အပြစ်တင်လို့ မရဘူး။ ဆိုင်နီးချင်းသာမက အိမ်နီးချင်းတွေ ဆိုတော့ ကျွန်တော်တို့ မိသားစုအကြောင်းကို သူ အသိဆုံး မဟုတ်လား။ ပြီးတော့ တကယ်လို့ အဖေတို့၊ အန်တီကြီးတို့ သိသွားရင် သူ့ခေါင်းပေါ်ပဲ ပုံကျမယ် ဆိုတာ သူ ကြိုသိထားလို့လည်း ဖြစ်မှာပေါ့။

"ဒါပေမဲ့ ဒီလို ဝက်သားဟင်းမျိုး မင်း တစ်ခါမှ စားဖူးမှာ မဟုတ်သေး ဘူး...ဟဲ... ဟဲ..."

ဦးကတုံးရဲ့ ရယ်သံနဲ့ အပြောကို ကျွန်တော် နည်းနည်း သံသယဝင်မိ တယ်။ ဒါပေမဲ့ ကျွန်တော် နောက်ပြန် မဆုတ်တော့ပါဘူး။ အရွယ်တော် ဝက်သား တစ်တုံးကို ဇွန်းနဲ့ ခပ်စားလိုက်တယ်။ စားစားချင်း၊ ဝက်သားဟင်းကို လျှာပေါ် တင်မိမိချင်း ကျွန်တော် ချက်ချင်း သိလိုက်တာက ခပ်ရှရှ အရသာပါ။ ဦးကတုံး ပြောတဲ့ ဒီလိုဟင်းမျိုး ကျွန်တော် မစားဖူးသေးတာ ဝန်ခံလိုက်မိပါတယ်။

"ရှတာတနဲ့ဗျ..." လို့စားရင်း ကျွန်တော် ပြောတော့ သူတို့တဟင်းဟင်းနဲ့ ရယ်ကြပါတယ်။

"အဲဒါ... ဆေးခြောက်နဲ့ ချက်တာ..."

ကျွန်တော့်ဘက် ကိုယ်ကို နည်းနည်းကိုင်းပြီး ခပ်အုပ်အုပ် ပြောလိုက် တဲ့ ဦးကတုံး စကားကြောင့် ကျွန်တော် ဖျတ်ခနဲ ဖြစ်သွားတယ်။ သူကတော့ သူ့ ဘာသာ ပြောပြီး တဟင်းဟင်း ရယ်နေတယ်။ ကျွန်တော်ကတော့ ကျွန်တော့်ကိုယ် ကျွန်တော် တစ်ခုခု ပေကျံသွားသလိုမျိုး ခံစားမိတယ်။ ပြီးတော့ အပြစ်တစ်ခုခု လုပ်မိပြီဆိုတဲ့ အသိကလည်း ဒြိမ်းခြောက်လာတယ်။ မူးယစ်ဆေးဆိုတာ တစ်ခါ

mgyoe.com

mgyoe.com  SAMPLE BOOK 

လုပ်မိရုံနဲ့ စွဲသွားတတ်တယ် ဆိုတာကို ကြားဖူးထားနေတော့ ကျွန်တော် ဆေးသမား ဖြစ်သွားတော့မှာလားလို့လည်း တွေးကြောက်နေပြန်တယ်။

"ယောက်ျားလေးဆိုတာ ဒီလိုပဲကွ... လုပ်ပေးရတယ်ကွ...၊ အကြီး ကောင်... မင်း အိမ်ကိုတော့ ပြန်မပြောပါဘူးနော်..."

ဦးကတုံးက ကျွန်တော့်နားထဲ ခပ်တိုးတိုး အသံတွေကို ကပ်ကပ် ပြောနေပုံက သိပ်သတိစရာတော့ မကောင်းဘူး။ ဒါပေမဲ့ ဒီလူကြီးနဲ့ ကျွန်တော် ပတ်သက်မိလိုက်ပြီ။ ကျွန်တော်ဟာ သူတို့ထဲက တစ်ယောက် ဖြစ်သွားခဲ့ပြီလား။

"ကျွန်တော် မှား... မှားသွားလား..."

ဦးကတုံးက ဒီလိုမေးခွန်း အမေးခံလိုက်ရလို့ ဘဝင်မြင့်သွားသလိုပဲ။ ပညာရှိကြီးတစ်ဦးရဲ့ လေသံမျိုးနဲ့ ကျွန်တော့်နားထဲ ခပ်တိုးတိုး ကပ်ပြောပြန် တယ်။

"ဘယ့်နှယ် မှားရမလဲကွာ... မှားတော့ကော ဘာဖြစ်တုံး... မင်းအသက် အငယ်လေး ရှိသေးတာပဲ၊ နောက်ထပ်အမှားတွေ အများကြီး ထပ်လုပ်မိဦးမှာပဲ ကွာ... ဟင်း... ဟင်း...ဟင်း"

ကျွန်တော့်မျက်လုံးထဲ ညဟာ မှောင်အတိ။

နောက်ညတွေမှာတော့ ကျွန်တော် မသွားဖြစ်တော့ဘူး။ သွားချင် စိတ်ထက် ဘာကိုမှန်း မသိ ကြောက်လန့်စိတ်က ကျွန်တော့်ကိုယ်နဲ့ စိတ်ကို ချုပ်ကိုင်ထားသလိုပဲ။ အဖေတို့၊ အမေတို့၊ အန်တီကြီးတို့ကို ကြောက်တာလား။ ဒါမှမဟုတ် ဦးကတုံးရဲ့ တဟင်းဟင်း ရယ်သံကြီးကိုပဲ ကြောက်တာလား ဆိုတာ ကျွန်တော်လည်း ရေရေရာရာတော့ မခွဲခြားတတ်ဘူး။ ကိုသေးလေးတို့ ဆိုင်ဘက် က ညဘက် ညဘက် ဂစ်တာသံကြားရင်လည်း စိတ်ထဲကနေပြီး သီချင်းလိုက်ဆို ဖြစ်တော့တယ်။

နောက်ထပ် လာထိုင်နေကျ လူကတော့ ကျွန်တော်တို့ ဆိုင်လေးတွေ မှီထားတဲ့ ရုံးကြီးရဲ့ ညစောင့် ဘကြီးတိုးပါပဲ။ မနက်မနက်ဆို ဓာတ်မီးလေး ခါးထိုးပြီး အိကြာကွေးနဲ့ လက်ဖက်ရည် လာ လာသောက်နေကျ။ အရပ်ပျပ်ပျပ်၊ ဆံပင်ဖြူဖြူ၊ မျက်နှာလေးထောင့်ကြီးနဲ့ မျက်မှန်လေးထောင့်ကြီး အမြဲ တပ်ထား တတ်တယ်။ သူက အဖေ့ကိုလည်း ခင်တယ်။ တချို့ညတွေဆို အဖေက ဒီဘကြီး နဲ့ စကားသွားသွား ပြောတတ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

# ချိုစိမ့်တစ်ခွက် မှောက်ကျခြင်း

( ၁ )

"အကြီးကောင်... အကြီးကောင်... ထစမ်း... ထစမ်း..."

အမေ့ရဲ့ ခေါ်သံက ခပ်အုပ်အုပ်။ ပခုံးကိုပါ ခပ်ဆတ်ဆတ် လှုပ်ခါခံလိုက်ရတာကြောင့် ကျွန်တော် လန့်ဖျပ်သွားတယ်။ မျက်လုံးဖွင့်ကြည့်တော့ အရင်ဆုံး တွေ့လိုက်ရတာက အမှောင်။

"အကြီးကောင်... သားကြီး...သားကြီး..."

ခပ်ရှရှနဲ့ အမေ့အသံက အဝေးကြီးမှ ပြေးလာခဲ့ရသူတစ်ယောက်လို မောဟိုက်သံတွေ ရောစွက်လို့။ ဆိုင်ထဲမှာ မှောင်နေပေမယ့် လမ်းမီးရောင် ဝင်နေလို့ အမေ့မျက်နှာကို တွေ့လိုက်ရပါတယ်။ အမေ့မျက်လုံးတွေက လမ်းမီးရောင်ပျပျလေး ဝင်နေတဲ့ ဆိုင်ထဲမှာ စိတ်လှုပ်ရှားမှုတွေကြောင့် တလက်လက် တောက်ပလို့။ အိပ်ရာထဲက ကမန်းကတန်း ထလာရလို့ ထင်ရဲ့၊ အမေ့ဆံပင် လှိုင်းကောက်တွေက ပြေကျနေသေးတယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"မင်းအဖေ... ညက ပြန်မလာဘူးလား... ဟင်..."

"ဟမ်... အဖေ... အဖေ... ဘာဖြစ်... ဟင်..."

အမေ မေးမှ ကျွန်တော် ဘေးက အဖေ့အိပ်ရာကို အိပ်ချင်မူးတူးနဲ့ လှည့်ကြည့်မိတယ်။ ဒါပေမဲ့ လွတ်ဟာနေတဲ့ အဖေ့ခေါင်းအုံးကလွဲပြီး ဘာမှ မရှိ။ ခေါင်းအုံးအောက်မှာ ဘောလုံးဂျာနယ်လေးတစ်စောင်က တစ်ဝက်တစ်ပျက် ဖိမိလို့၊ အဖေ ခြုံနေကျ စောင်ကတော့ ကျွန်တော့်ကိုယ်ပေါ်မှာ ထပ်လွှားလျက်သား။

ကျွန်တော် အဖေ့အိပ်ရာလွတ်ကို ကြောင်ကြည့်နေမိရာက အမေ့ မျက်နှာဆီ အကြည့်ပြန်ရောက်သွားတယ်။ အမေ့မျက်လုံးတွေကလည်း ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ ဒါပေမဲ့ ကျွန်တော့်ကို မြင်ပုံတော့ မရဘူး။

"ည... ညက ဘောလုံးပွဲ ကြည့်မယ် ဆိုပြီး ထွက်သွားတာလေ... သား လိုက်မယ်ဆိုတာတောင် မခေါ်ဘူး၊ ကိုသေးလေးကိုတော့ အဖော်လှမ်းစပ် နေတာ သား ကြားလိုက်သေးတာပဲ..."

ဟုတ်တယ်။ ညက မန်ယူနဲ့ အာစင်နယ်ပွဲ ရှိတယ် ဆိုပြီး ကိုသေးလေး ကိုတောင် လှမ်းခေါ်နေသေးတာ။ အရင်ညတွေဆို ကျွန်တော့်ကိုပါ ခေါ်တတ် တယ်။ ညနေခင်းကတည်းက ဘယ်လမ်းထဲက ဘယ်တိုက်၊ ဘယ်နံလွှာမှာ ပြမယ် ဆိုတာကို သွားကြည့်ခိုင်းတတ်တယ်။ ပြီးရင် သားအဖနှစ်ယောက် သွားကြည့်ကြတာပဲ။ ဘောလုံးပွဲရုံ မဟုတ်ပေမယ့် စလောင်းရှိတဲ့ တချို့ တိုက်ခန်းတွေက ပရီးမီးယားလိဂ်ပွဲ ရှိတဲ့ ညတွေဆို အခကြေးငွေနဲ့ ပြကြတာကိုး။ တိုက်ခန်းလေးတွေထဲမှာ လူတွေ ကျပ်ညပ်ပြီး ကြည့်ကြရတာ။ ညကတော့ အဖေ ကျွန်တော့်ကို မခေါ်။ ကိုယ့်ဘာသာ ကျောင်းစာတွေပဲ လုပ်စမ်းပါကွာ တဲ့။ စနေနေ့နဲ့ တနင်္ဂနွေနေ့ ညနေတွေဆို ဘောလုံးပွဲ ပြတတ်တဲ့ လမ်းတွေထဲ လျှောက်သွားပြီး ဘောလုံးပွဲ ကြော်ငြာသင်ပုန်းတွေကို လိုက်ကြည့်နေရတာ လည်း ကျွန်တော့်အတွက် ပျော်စရာတစ်ခု။ အခုတော့... အဲဒီပျော်စရာ အစီအစဉ် လေးတွေ ဘယ်ကို ဦးတည်နေပါလိမ့်။

အမေက ဘာမှ ထပ်မမေးတော့ဘဲ ကျွန်တော့်ဘေးမှာ ထိုင်ချလိုက် တယ်။ ပြီးတော့ မှောင်ထဲမှာပဲ အဖေ့အိပ်ရာကို ခပ်တွေတွေ စိုက်ကြည့်နေတယ်။ ဖျော့ဖျော့လေးတိုးဝင်နေတဲ့လမ်းမီးရောင်အောက်မှာအမေ့မျက်နှာမှောင်တစ်ဝက်၊ မှိန်တစ်ဝက်က ရှာချတော့မယ့် မိုးဦးကျ တိမ်တိုက်ကြီး တစ်ခုလိုပဲ။

"ဘာလဲ... ဘာဖြစ်လို့လဲ..."

mgyoe.com

mgyoe.com SAMPLE BOOK


အဲဒီအချိန်မှာပဲ တာလပတ်ကာ အခန်းထဲက အန်တီကြီး ထွက်လာပြီး လေသံခပ်အုပ်အုပ်လေးနဲ့ မေးတယ်။ ကျွန်တော်တို့ သားအမိ တိုးတိုး တိုးတိုး ပြောနေကြတာတွေ တစ်စွန်းတစ်စ ကြားသွားဟန် တူပါရဲ့။ အမေက ဘာမှ ပြန်မဖြေသလို မော့လည်း မကြည့်ဘူး။ အဖေမရှိတော့တဲ့ အဖေ့အိပ်ရာ နေရာ လွတ်ကိုသာ ငေးစိုက်ကြည့်နေတယ်။

"ဟဲ့... မေးနေတယ်လေ... သားအမိနှစ်ယောက် ကျိတ်ကျိတ် ကျိတ်ကျိတ်နဲ့... မောင်ပေါက်စီ... ဟင်... မောင်ပေါက်စီကော..."

အခုမှ အဖေ့အိပ်ရာလွတ်ကို မြင်သွားတဲ့ အန်တီကြီးတစ်ယောက် မေးခွန်းမေးနေရင်း အလန့်တကြား ဖြစ်သွားပုံ ရတယ်။ ပြောလက်စ စကားကို ဖြုန်းခနဲ ရပ်လိုက်ပြီး အမေ့ကို တစ်လှည့်၊ ကျွန်တော့်ကို တစ်လှည့်၊ အဖေ့အိပ်ရာ ကို တစ်လှည့် ကြည့်နေတဲ့ အန်တီကြီးရဲ့ မျက်လုံးပြူးပြူးတွေကို ကျွန်တော် အမှောင်ထဲမှာ မြင်နေရတယ်။

အမေက ကျောက်ရုပ်၊ မတုန်မလှုပ်။ အန်တီကြီးရဲ့ မျက်နှာညိုညို ဖောင်းဖောင်းကြီးက လေမှုတ်သွင်းနေတဲ့ ပူဖောင်းကြီးလို တဖြည်းဖြည်း တင်းမာ လာတယ်။

"ဟို... ဟို... ညက အဖေ ပြန်မအိပ်ဘူး.. ကိုသေးလေးနဲ့ ဘောလုံး ကြည့်မယ် ဆိုပြီး ထွက်သွားတာ..."

အန်တီကြီး မျက်မှောင်ကြုတ်သွားတယ်။ ပြီးတော့ တိုင်ကပ်နာရီလေး ကို လှမ်းကြည့်တယ်။ လေးထောင့်ပုံ တိုင်ကပ်နာရီလေးဟာ မနက်လေးနာရီထိုးခါ နီးကြောင်း ညွှန်ပြနေပါတယ်။ လမ်းမကြီးဘက်က ဖြတ်သွားဖြတ်လာ ကားသံ တွေ ကြားရစ ပြုနေပါပြီ။ အရင်မနက်တွေက ဒီအချိန်ဆို ကျွန်တော် ဆိုင်လေးထဲ အဖေ့ဦးဆောင်မှုနဲ့ အသက်ဝင်နေပြီပေါ့။ ရေနွေးအိုး ဆူသံ၊ ထမင်းအိုး ငှဲ့သံ၊ အိုးကြာကွေး ကြော်သံတွေ ကြားနေရပြီပေါ့။ အခုတော့ မနက်စောစောစီးစီးမှာပဲ ပူလောင်မှုတွေနဲ့ အေးခဲ အသက်မဲ့နေသလို ဖြစ်နေရတယ်။

အန်တီကြီးက ကိုသေးလေး ဆိုင်ဘက် တစ်ချက် နားစွင့်လိုက်တယ်။ မီးသွေးမီးဖိုက မီးပေါက်သံ တဖျစ်ဖျစ်က ကျွန်တော်တို့ဆိုင်ဘက်အထိ ရောက် လာတာကို ကြားနေရပါတယ်။ အန်တီကြီး ဘာမှ မစဉ်းစားတော့ဘဲ ဆိုင်ရှေ့က တာလပတ်စလေးကို ဆွဲလှပ်လို့ ကိုသေးလေး ဆိုင်ဘက် ကူးသွားပါတော့တယ်။

"မမ... မမ... ဘယ်တုံး..."

mgyoe.com

mgyoe.com
SAMPLE BOOK


အသံအုပ်အုပ်လေးကို ထိန်းပြီး လှမ်းမေးလိုက်တဲ့ အမေ့မေးခွန်းကို တောင် လှည့်မဖြေအားဘူး။ လက်ဝါးကိုပဲ အသာကာပြခဲ့တယ်။ နေစမ်းပါအေ... လို့ ဆိုတဲ့သဘော။

"အသေးလေးရေ... အသေးလေး..."

"ဗျာ... ဘယ်သူတုံး..."

ဟိုဘက်ဆိုင်မှာ ကိုသေးလေးနဲ့ အန်တီကြီးတို့ရဲ့ တိုးတိုးတိတ်တိတ် အမေး အဖြေ လုပ်နေကြတာ ကြားနေရတယ်။ ဒါပေမဲ့ မသဲကွဲဘူး။ တစ်မိနစ် လောက်ပဲ ကြာတယ်။ တာလပတ်စလေးကို ဖြဲလို့ အန်တီကြီး ပြန်ဝင်လာတယ်။ တာလပတ်စ နံရံလေးပဲ ခြားထားတဲ့ ကိုသေးလေးဆိုင်က ပြန်ကူးလာတဲ့ အန်တီကြီး မျက်နှာမှာ တောင်စဉ်ခုနစ်ထပ်လောက် ကျော်ဖြတ်လာရတဲ့ မောပန်းမှုမျိုးကို ကျွန်တော် အလင်းရောင်မှိန်မှိန်အောက်မှာ တွေ့မြင်လိုက် ရတယ်။ အမေက မတုန်မလှုပ် ထိုင်နေရာကနေ အန်တီကြီး မျက်နှာကို မျှော်လင့်တကြီး လှမ်းကြည့်လို့။

အန်တီကြီးက အဖြေချက်ချင်း မပေးသေးဘဲ ကျွန်တော့်အိပ်ရာဘေး အစွန်းမှာ အမေနဲ့ မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ပြီး အမေ့မျက်နှာကို ကြည့်၊ ပြီးတော့ ကျွန်တော့်ကိုလည်း ကြည့်။ သက်ပြင်းတစ်ချက်ကို မသိမသာ ချပြီး မှ ...

"ညက ဘောလုံးပွဲ သွားကြတာ အတူတူ တဲ့... ဟုတ်တယ်၊ ဒါပေမဲ့ ဘောလုံးပွဲ ပထမပိုင်း ပြီးတာနဲ့ ပြန်နှင့်တော့မယ် ဆိုပြီး ထပြန်သွားတာတဲ့..."

အန်တီကြီး စကားဆုံးတော့ ကျွန်တော်တို့ သုံးယောက်ကြားမှာ ငြိမ်သက်တိတ်ဆိတ်သွားကြတယ်။ အန်တီကြီးကလည်း ဒီစကားလေးနဲ့ လက်ရှိ အခြေအနေလေးကို အတည်ပြုလိုက်ရတဲ့အတွက် မောပန်းနွမ်းနယ်သွား သလိုပါပဲ။

ရန်ကုန်မြို့ပြ မနက်ခင်းစောစောရဲ့ တိတ်ဆိတ်မှုက တစ်စတစ်စ ပြိုကွဲလာပါပြီ။ လမ်းမကြီးဘက်က ဘတ်စ်ကားသံတွေ၊ ဝီခေါ်အောင် မောင်း သွားတဲ့ ၃၅ ဒိုင်နာကြီးတွေပေါ်က စပယ်ယာတွေရဲ့ လက်ခေါက်မှုတ်သံတွေ၊ စည်ပင်သန့်ရှင်းရေး ဝန်ထမ်းတွေရဲ့ တံမြက်စည်းလှည်းသံနဲ့ အမှိုက်တွန်းလှည်း တွန်းသွားသံတွေဟာ မြို့ပြမနက်ခင်းရဲ့ တိတ်ဆိတ်မှုကို စတင်ဖြိုခွဲစ ပြုနေ ပါပြီ။ ကျွန်တော်တို့ ဆိုင်ရှေ့ လမ်းပေါ်ကတောင် ကားတစ်စီးစ၊ နှစ်စီးစ

mgyoe.com

ဖြတ်သွားသံ ကြားနေရပြီပဲ။ ဟိုဘက် ကိုသေးလေးဆိုင်ကတောင် ဆိုင်ခင်းဖို့ ခုံတွေ ရွှေ့သံတွေ ကြားနေရပြီ။ ကျွန်တော်တို့ ဆိုင်ထဲမှာတော့...။ လောင်ကျွမ်း သေဆုံးသွားတဲ့ မနက်ခင်းတစ်ခုနဲ့ နေ့သစ်တစ်နေ့ကို ဘယ်လို အစပြုရမှာလဲ။

"မေမေ... မေမေ..."

ဆိုင်ကလေးထဲက တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းတဲ့ အသံတစ်သံ ထွက်ပေါ်လာတယ်။ အဲ့ဒါကတော့ အတွင်းခန်းထဲက ညီမလေး အိပ်ရာနိုးလာတဲ့ အသံပါ။ ညီမလေး ခေါ်သံကြားရတော့ အမေ့ဦးခေါင်း ချာခနဲ လှည့်သွားတယ်။ အန်တီကြီးရဲ့ မျက်လုံးတွေကလည်း ညီမလေး အသံကြားတဲ့ဘက်ဆီ ဖျတ်ခနဲ။ တစ်ဆက်တည်း တစ်လျှောက်လုံး ငြိမ်သက်နေတဲ့ အမေ့ဆီက ရှိုက်သံတစ်ချက် စကြားလိုက်ရတယ်။ ပြီးတော့ အမေ့ရဲ့ ဖုံးဖိအုပ်လှောင်ထားတဲ့ကြားက အတင်း တိုးထွက်လာတဲ့ ငိုရှိုက်သံတွေဟာ ဆိုင်ခန်းကျဉ်းကလေးထဲ အကြိမ်ကြိမ်၊ အထပ်ထပ်။

"... မေမေ... ... ...."

အိပ်ရာထဲက ညီမလေးရဲ့ အိပ်ချင်မူးတူးခေါ်သံက နောက်တစ်ကြိမ် ထပ်ထွက်လာပြန်ပါတယ်။ ဒီတစ်ခါမှာတော့ အမေ ညီမလေးဆီ ထသွားဖို့ ကြိုးစားရှာပါတယ်။ ဒါပေမဲ့ အမေ မအောင်မြင်ရှာပါဘူး။ အငိုမျက်လုံးတွေနဲ့ ညီမလေးကို သွားချော့မြှူဖို့ အမေ ဘယ်လို တောင့်ခံနိုင်မှာလဲလေ။

"အေး... အေး... လာပြီ သမီးရေ..."

အန်တီကြီး မနေနိုင်တော့။ အတွင်းခန်းထဲ ခပ်သုတ်သုတ် ပြေးဝင်သွားတယ်။ တစ်ဆက်တည်း ကြားလိုက်ရတာက အန်တီပိုလေးရဲ့ အသံ။ အန်တီကြီး ကို မေးခွန်းထုတ်နေသံ။ ပြီးတော့ အတွင်းခန်းထဲက ထွက်လာတဲ့ အန်တီပိုလေး။

အန်တီပိုလေးရဲ့ လက်တစ်ဖက်က ကျွန်တော့်ပခုံးပေါ် ဖွဖွလေး ကျလာတယ်။ ပြီးတော့ ကျွန်တော့်နားကို ကပ်ပြီး လေသံလေးနဲ့ တိုးတိုးလေး မေးရှာတယ်။

"ဘာဖြစ်လို့လဲ... အကြီးကောင်... ဘာဖြစ်လို့လဲ... ဟင်... အစ်ကို ကြီးကော..."

ကျွန်တော် မှောင်တစ်ဝက် ၊ လင်းတစ်ဝက်နဲ့ပဲ အန်တီပိုလေးကို ပြန် ကြည့်မိနေတယ်။ ကျွန်တော့်မှာ ပြန်ပြောစရာ စကားလုံးတွေ အဆင်သင့် ရှိပါရဲ့။

mgyoe.com

mgyoe.com

ဒါပေမဲ့ ဒီစကားလုံးတွေကို နောက်တစ်ကြိမ် ပြန်ပြောဖို့ ခွန်အား မရှိတော့ပါဘူး။

"ဟင် လို့... အကြီးကောင်... ဘာဖြစ်တာလဲ... မမလေးလည်း ငိုနေတာ..."

ကျွန်တော် ရှုတ်အ နေလို့ မရတော့။

"အဖေ... အဖေ ညက ပြန်ရောက်မလာဘူး ..."

●

mgyoe.com

mgyoe.com SAMPLE BOOK

# (၂)

အဖေ ဘယ်သွားတာလဲ... တဲ့။ အဖေ ဘယ်တော့ ပြန်လာမှာလဲ... တဲ့။

အဘွားကို တတွတ်တွတ် မေးနေတဲ့ ညီမလေးရဲ့ မပီကလာ ပီကလာ အသံလေးက ကျွန်တော့်နားထဲ သံချောင်းတွေ တစ်ချောင်းပြီး တစ်ချောင်း ရိုက်သွင်းနေသလိုပါပဲ။ ဒါပေမဲ့ ဒီဒဏ်ရာကို ကျွန်တော် ခံစားနေဖို့ အချိန်မရှိတော့ပါဘူး။ စားပွဲခုံလေးတွေ ဆက်ထားတဲ့ ယာယီခုတင်လေးပေါ်မှာ၊ ဒါမှမဟုတ် တာလပတ်စနဲ့ ကာထားတဲ့ အတွင်းခန်းထဲက အမေတို့ ခုတင်ပေါ်မှာ ဆက်ကွေးခွင့်လည်း မရှိတော့ပါဘူး။ အန်တီပိုလေး ထုတ်ပေးထားတဲ့ အဖြူ အစိမ်း ဝတ်စုံကို အသင့်ဝတ်၊ ကျောပိုးအိတ် ကောက်လွယ်ပြီး ကျောင်းသွားချင်စိတ်လည်း မရှိတော့ပါဘူး။ ရုပ်ရှင်တွေထဲမှာ “နောက် ၅ နှစ် ကြာပြီးနောက် ...” လို့ စာတန်းထိုးပြီး နောက်ထပ် ဇာတ်ဝင်ခန်းတစ်ခု ပြောင်းသွားသလိုမျိုး ကျွန်တော့် ရုပ်ရှင်မှာလည်း နောက်ထပ် ဇာတ်ဝင်ခန်းတစ်ခု ပြောင်းသွားခဲ့ပါပြီ။

❖ ❖ ❖

mgyoe.com

mgyoe.com

ဆိုင်ရှေ့မှာ ချထားတဲ့ တာလပတ်စကြီးကို အန်တီပိုလေးနဲ့ အတူတူ မ,တင်၊ အစွန်းနှစ်ဖက်ကို ဝါးလုံးနဲ့ ထောက်။ ပြီးတော့ အဲဒီအစွန်းနှစ်ဖက်မှာပဲ အုတ်ခဲတစ်လုံးစီ ဆွဲထားတဲ့ ကြိုးတစ်ချောင်းစီ တွဲလောင်းချ ချည်လိုက်တယ်။ ဒါ ဆိုင်တံခါး ဖွင့်လိုက်တာပါပဲ။ ပြီးမှ စားပွဲခုံတွေ လိုက်ခင်းရပါတယ်။ ကျွန်တော်တို့ဆိုင်လေးက စားပွဲခုံ သုံးခုံလောက်ပဲ ဝိုင်းလို့ ရတာပါ။ ဒါကြောင့် တာလပတ်စကြီးကို အဖီထုတ်၊ ဒေါက်ထောက်ပြီး လမ်းဘေးနေရာကိုပါ ရသလောက် လုမ်းယူထားရပါတယ်။ အဲဒီ တာလပတ် အဖီအောက်မှာလည်း နောက်ထပ် သုံးဝိုင်း ထပ်ခင်းရပါသေးတယ်။ အရင်မနက်တွေက တစ်ရက်တလေမှ အဖေ့ကို ကူပြီး ဆိုင်ခင်းပေးခဲ့ရတာ။ အခုတော့ ကျွန်တော့်ဘာသာ ဦးဆောင်ပြီး ဆိုင်ခင်းနေရသလို ဖြစ်နေပြီလေ။

ဒါပေမဲ့ ဒီမနက်ကစပြီး ကျွန်တော်တို့ဆိုင်မှာ လက်ဖက်ရည် သောက်လို့ ရမှာ မဟုတ်ပါဘူး။ ဒီအချက်ဟာ သိပ်အရေးကြီးပါတယ်။ ဒီဆိုင်မှာ လက်ဖက်ရည် ရ၊ မရဆိုတာ ဒီဆိုင်လေးရဲ့ အရေးကြီးတဲ့ ချိုးကွေ့မှုတစ်ခု။ အဲဒီထက် ပိုပြောရရင် ကျွန်တော်တို့ မိသားစုလေးအတွက် ကြီးမားတဲ့ ပြောင်းလဲမှုတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ဆိုင်လေးမှာ ဘယ်အချိန်မှာမှ လက်ဖက်ရည် ပြန်ရောင်းလို့ရမှာလဲ ဆိုတဲ့ မေးခွန်းအတွက်လည်း သေချာတိကျတဲ့ အဖြေမျိုး မရှိပါဘူး။ ဆိုင်ထဲ ဝင်လာသူတွေက "လက်ဖက်ရည်" လို့ မှာလိုက်တိုင်း အဖျော်ခုံရှေ့က တန်းလေးတွေပေါ် အတွဲလိုက် လွှားတင်ထားတဲ့ စူပါ၊ နက်စ်စတဲ့ ကော်ဖီမစ်တွေ၊ Hi Tea လို ရယ်ဒီမိတ် လက်ဖက်ရည်ထုပ်တွေနဲ့ပဲ တောင်းတောင်းပန်ပန် နှစ်သိမ့်ရတော့မယ်လေ။

ဘာပဲဖြစ်ဖြစ် ဆိုင်ခင်းထားတာကတော့ မနေ့က အတိုင်းပဲ။ အဖေ ရှိခဲ့တဲ့ နေ့က အတိုင်းပဲ။ အန်တီကြီးနဲ့ အမေလည်း ဆိုင်လေးထဲမှာ မနေ့က အတိုင်း လှုပ်ရှားလို့။ မျက်နှာပေါ် သနပ်ခါးတွေ ကမန်းကတန်း ပွတ်ပြီး အတွင်းလှိုက် လောင်နေတဲ့ မီးလျှံတွေကို ဖုံးအုပ်ဖို့ အားထုတ်ထားကြပါတယ်။ အဘွားလည်း အရင်နေ့ကအတိုင်း သနပ်ခါးဝါဝါတွေ တစ်ကိုယ်လုံး ထိန်နေအောင် လူးပြီး မျက်မှန်ကြီးကို တပ်လို့ ဒီးကွက်အိုကြီးတစ်ကောင်လို ဆိုင်ရှေ့မှာ ထွက်ထိုင်နေတာပါပဲ။ ညီမလေးကလည်း အဘွားနားမှာ ကပ်လိုက်၊ အန်တီကြီးနဲ့ အမေ့ဆီ ပြေးလိုက်၊ အဖေ ပြန်လာရင် မီးမီးဖို့ မုန့်ပါမှာလားလို့ မေးလိုက်နဲ့ပေါ့။

mgyoe.com

အဖေ ဘယ်သွားတာလဲ။ အဖေ ဘယ်တော့ ပြန်လာမှာလဲ။

ကျွန်တော်တို့ အားလုံးကို တစ်မနက်လုံး ချောင်ပိတ် အကျပ်ရိုက်စေတဲ့ ညီမလေးရဲ့ မေးခွန်းလေးတွေပါ။ ခက်တာက ကျွန်တော်တို့ အားလုံးဟာလည်း ဒီမေးခွန်းကို ကိုယ့်ဘာသာ ပြန်မေးနေကြတာလေ။

ဒီမနက်ခင်းဟာ ကမ္ဘာမြေကြီးရဲ့ ပထမဆုံး မနက်ခင်းတစ်ခုလိုပါပဲ။ အရာရာ အားလုံးကို အစကနေချည်းပဲ ပြန်စနေရသလို ကျွန်တော် ခံစားနေရတယ်။ စကားပြောဖို့အတွက်၊ အသက်ရှူဖို့အတွက်၊ အလင်းရောင်နဲ့ အနွေးဓာတ်ရဖို့အတွက်၊ အစာအာဟာရ ရဖို့အတွက်၊ လမ်းလျှောက်တတ်ဖို့အတွက် အားလုံးအားလုံးအတွက် ကမ္ဘာဦးကနေ ပြန်စရသလိုပဲ။

"အကြီးကောင်... ကျောင်းသွားတော့လေ..."

ဒီနေ့ ရုံးမသွားတော့ဘူးလို့ တရားဝင် ကြေညာလိုက်တဲ့ အန်တီပိုလေးက ဈေးကနေ ပဲပြုတ်အိတ်ကို ပျာပျာပျာပျာ ဆွဲလာရင်း ကျွန်တော့်ကို အမောတကော ပြောလိုက်တာပါ။ ဒီအတွက် ကျွန်တော့်မှာ အဖြေအဆင်သင့် ရှိနေပါတယ်။ ဒီလိုနေ့မျိုးမှာ ကျောင်းသွားပြီး ကျွန်တော် ဘာလုပ်နေရမလဲ။ ကားအကောင်းစားကြီးနဲ့ ကျောင်းလိုက်ပို့တဲ့ သူများအဖေတွေကို သွားငေးနေရမှာလား။ ကျောင်းရှေ့မှာ ဂျုံရုပ်လုပ်ရောင်းတဲ့ သားအဖ နှစ်ယောက်ကို ကြည့်ပြီး ကျွန်တော့်အိပ်ရာဘေးကနေ ကျွန်တော်တို့အားလုံး မသိအောင် တိတ်တိတ်ကလေး ထွက်ပြေးသွားတဲ့ ကျွန်တော့်အဖေကို သတိရနေဖို့လား။ ဆရာမ စာသင်နေချိန်မှာ မှောက်ကျသွားတဲ့ လက်ဖက်ရည်တစ်ခွက်အကြောင်း ပြန်တွေးနေလို့ " စာသင်နေတာကို စိတ်မဝင်စားတဲ့ ကျောင်းသားလေး" ဆိုပြီး တစ်တန်းလုံးက ကျောင်းသားတွေ ဝိုင်းကြည့် စွပ်စွဲတာကို ခံယူဖို့လား။

"ကျွန်တော်...ဒီနေ့ ကျောင်းမသွားတော့ဘူး..."

"ဘယ်လို... ဘာပြောတယ် အကြီးကောင်..."

ကျွန်တော့်အဖြေကို မေးခွန်းနဲ့ ချက်ချင်း တုံ့ပြန်လိုက်သူကတော့ အမေပါပဲ။ အပ်ချည်နဲ့ တွဲချုပ်ထားသလို တစ်မနက်လုံး ငြိမ်သက်နေရာက အမေ့ရဲ့ ပထမဆုံး ပြန်လည် နိုးထခြင်းလည်း ဖြစ်ပါတယ်။ အမေ့မျက်နှာဟာ နာရီအနည်းငယ်အတွင်းမှာကို နောက်ထပ် ငါးနှစ်စာလောက် ပိုပြီး အိုမင်းသွားသလို ကျွန်တော် ထင်နေမိတယ်။ မျက်လုံးတွေက လွဲလို့ပေါ့။ အမေ့မျက်လုံးတွေဟာ ဓားသွေးကျောက်ပေါ် အကြိမ်ကြိမ် သွေးထားတဲ့ ဓားသွားတစ်လက်လို ဖြစ်နေတယ်လေ။

mgyoe.com

mgyoe.com

ကျွန်တော် ဘာမှ ပြန်မပြောချင်ဘူး။ ကျွန်တော် ဘာစကားလုံးမှ မပြောဘဲလည်း အမေ ကျွန်တော့်အဖြေကို ကြားသိသင့်တယ်လို့ ကျွန်တော် ယူဆတယ်။ ဒီတော့ ကျွန်တော် စားပွဲဝိုင်းတစ်ခုပေါ် ရေနွေးခွက်တွေ သွားချပေးရင်း ခေါင်းငုံ့နေလျက်က ခါယမ်းပြလိုက်တယ်။

"အကြီးကောင်... အထဲ ခဏလာဦး..."

အမေက ကျွန်တော့်ကို ခေါ်ပြီး အသံနဲ့အတူ တာလပတ်စလေးကို လှပ်လို့ အတွင်းခန်းထဲ ဝင်သွားတယ်။ ကျွန်တော် သိပါတယ်။ ဒါဟာ အမေ ကျွန်တော့်ကို ပြင်းပြင်းထန်ထန်လေး ဆုံးမတော့မယ်ဆိုရင် ဒီလို ဆိုင်ထဲက စားသုံးသူတွေ မသိအောင် ဒီအခန်းလေးထဲကို ခေါ်လာနေကျပဲ။

ကျွန်တော် တာလပတ်စလေးကို လှပ်လိုက်တော့ ခုတင်စွန်းပေါ် ကိုယ်တစောင်း ထိုင်နေတဲ့ အမေ့ကို တွေ့ရတယ်။ အမေ့မျက်လုံးတွေက အပြင်ဘက်နဲ့ အတွင်းခန်းလေးကို ပိုင်းခြားထားတဲ့ တာလပတ်စနံရံလေးကို ငေးစိုက်ကြည့်နေတယ်။ ဒါပေမဲ့ အမေ့အကြည့်တွေနဲ့ တာလပတ်စကြားမှာ အိကျနေတဲ့ အဝတ်တန်းတစ်ခုက ဝန်ထုပ်ဝန်ထည် အပြည့်နဲ့ ကာဆီးလို့။ ကျွန်တော် ဝင်လာတာ သိတော့ အမေ့မျက်လုံးတွေက ကျွန်တော့်ဆီ ဖျတ်ခနဲ ကူးလာတယ်။

"သားကြီး... ထိုင်ဦး..."

အမေက သူ့ဘေးက ခုတင်စွန်း တစ်နေရာကို မေးငေါ့ပြတယ်။ ပြီးတော့ အမေ့မျက်လုံးတွေက အရင်နေရာကိုပဲ ပြန်စိုက်ကြည့်နေပြန်တယ်။ ကျွန်တော် ဝင်ထိုင်ပြီး စက္ကန့်အနည်းငယ်ကြာတဲ့အထိ အမေ ကျွန်တော့်ကို ဘာစကားမှ စ မပြောသေး။ ဆိုင်ရှေ့ ဆောက်လုပ်ရေး ဆိုက်ထဲက လူသံ သူသံ အော်ဟစ်သံတွေနဲ့ ထုသံရိုက်သံတွေက တာလပတ်စနံရံကို ဖောက်ထွင်းပြီး အခန်းလေး ထဲ ထိုးဝင်လာနေတယ်။ ဆိုင်ထဲက စားသုံးသူတချို့နဲ့ အန်တီကြီးရဲ့ အပြန်အလှန် စကားပြောသံတွေက တစ်ခွန်းစ၊ နှစ်ခွန်းစ။ ကျွန်တော်တို့ အခန်းလေးထဲမှာတော့ တိတ်ဆိတ်လို့။ အမေ ဒီလို တိတ်တိတ်ဆိတ်ဆိတ် မနေခဲ့စဖူး။ ကျွန်တော်လည်း ဒီလို တိတ်ဆိတ်ခြင်းထဲမှာ အနေရ ခက်လာနေတယ်။ ခုတင်စွန်းမှာ ခြေထောက်ချ ထိုင်နေရင်း ကျွန်တော့်လက်တစ်ဖက်က အစထွက်နေတဲ့ သင်ဖြူးဖျာရဲ့ အနားတစ်နေရာကို ဆွဲထုတ်နေမိပါတယ်။

"ငါ့သား... အခု... အမေတို့ အခြေအနေကို ငါ့သား သိတယ်နော်..."

mgyoe.com

mgyoe.com SAMPLE BOOK

ဒီမေးခွန်းလေး နှုတ်ခမ်းနှစ်ခုကြားက ထွက်လာဖို့ အမေ တော်တော် ငင်ယူနေရလေသလား။ ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။ တကယ်တော့ လောလောဆယ် ကျွန်တော်တို့ အခြေအနေကို ကျွန်တော် ကောင်းကောင်း နားမလည်သေးပါဘူး။ အဖေ ညက ပြန်မလာဘူး ဆိုတာ သေချာပေမယ့် ဘာဖြစ်လို့ ပြန်မလာဘူး ဆိုတာ ကျွန်တော်တို့ သိကြသေးတာမှ မဟုတ်တာ။ နောက်တစ်နာရီလောက်နေရင် ဘွားခနဲ ဆိုင်ရှေ့ရောက်လာပြီး ညက ငယ်သူငယ်ချင်းနဲ့ မမျှော်လင့်ဘဲ တွေ့ရာက အပျော်လွန်သွားလို့ပါ ဆိုတဲ့ ဇာတ်လမ်းမျိုးနဲ့ ပြန်မလာဘူးလို့ ပြောလို့မှ မရတာ။ ယောကျ်ားတစ်ယောက် မပြောမဆိုနဲ့ အိမ်ကို တစ်ညလောက် ပြန်မအိပ်တာဟာ ကျွန်တော်တို့ ဘဝထဲက အပြီးအပိုင် ထွက်သွားတယ်လို့မှ စွပ်စွဲရနိုင်ပြီလား။

ဒါပေမဲ့ ကျွန်တော် ခေါင်းပဲ ညိတ်ပြလိုက်ပါတယ်။

"မင်းကို အမေတို့ ဘယ်လို ကျောင်းထားရတယ် ဆိုတာကော သိတယ်နော်..."

ဒီစကားကိုလည်း ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါတယ်။ ကျွန်တော် ဒီအရွယ်ထက် ငယ်တုန်းကလည်း အန်တီပိုလေးကို အမေတို့၊ အန်တီကြီးတို့ ဒီလိုမေးခွန်းမျိုး မကြာခဏ မေးခဲ့ဖူးသလို ကျွန်တော့်ကိုလည်း မကြာခဏ မေးနေကျကိုး။

"အမေတို့ ဘဝမှာ ဘာမှ မသေချာဘူး ဆိုတာကိုကော..."

ဒီစကားကိုတော့ ကျွန်တော် သေသေချာချာ သိပါတယ်။ သေသေချာချာပဲ ခေါင်းညိတ်ပြလိုက်တယ်။ အစိုးရရုံးကြီးတစ်ခုရဲ့ နံရံကြီးကို မှီတွယ်ရှင်သန်ရတဲ့ ဘဝတွေမှာ ဘယ်အရာတွေကများ သေချာနေဦးမှာလဲ။ ကျွန်တော်တို့အတွက် အဖေဆိုတာ၊ အမေ့အတွက် ခင်ပွန်းဆိုတာကကော ဘယ်မှာသေချာခဲ့လို့လဲ။

"ဒီလို အခြေအနေတွေကြားမှာ ငါ့သားကြီး ဘဝကိုတော့ အမေက သေချာစေချင်တယ်၊ မင်းဘဝမှာ ဘွဲ့လေးတစ်ခုခု ရထားရင် အနည်းဆုံးတော့ မင်းခြေထောက်ပေါ်မှာ မင်း ပြန်ရပ်လို့ ရမယ်လေ..."

အလယ်တန်းတောင် မရောက်ခဲ့ရဘဲ ပညာရေးလမ်းဆုံးခဲ့ရတဲ့ အမေဟာ ဘွဲ့ဆိုတာကြီးကို သူ့သားအတွက် မျှော်လင့်နေသေးတာကို သိရတော့ ကျွန်တော် နည်းနည်းတော့ စိတ်ပျက်မိပါတယ်။ ဘွဲ့ရပြီးတဲ့အထိ၊ အလုပ်

mgyoe.com

mgyoe.com

ရပြီးတဲ့အထိ လမ်းဘေးဆိုင်လေးထဲက ရုန်းမထွက်နိုင်သေးတဲ့ အန်တီပိုလေးဟာ ကျွန်တော့်အတွက် အနီးကပ်ဆုံး သက်ရှိ ဥပမာပါပဲ။

"အခုဆို... မင်းအဖေလည်း အမေတို့ ဘဝထဲက ထွက်သွားပြီ ..."

အမေ ပြောနေရင်း အသံပြာရှုရှုလေးက ဆို့ဝင်သွားတယ်။ ဒါကိုတော့ ကျွန်တော် မခံစားနိုင်ဘူး။

"အမေကလည်း... သေချာမသိသေးဘဲ... အဖေ့မှာ တခြားအရေးတကြီး ကိစ္စ ပေါ်လာလို့လည်း ဖြစ်နိုင်တာပဲ..."

"မင်း မသိပါဘူးကွာ... မင်းမသိပါဘူး... အမေက ကြိုသိနေတာပါ၊ အမေတို့ မိသားစု ဝန်ထုပ်ကြီးကို သူ စိတ်ပျက်နေပြီ ဆိုတာ အမေ ကြိုသိနေ တာ... အခုတော့..."

ပြောနေရင်း အမေ ငိုပါတယ်။ အသံမထွက်အောင် နှုတ်ခမ်းပြာပြာ တွေကို အတင်းစေ့ပိတ်လို့ ရပေမယ့် မျက်ရည်တွေ မစီးကျအောင်တော့ မျက်လုံး တွေကို အမေ မတားဆီးနိုင်ပါဘူး။ ကျွန်တော် အမေ အငိုတိတ်အောင် ကြိုးစား ပေးခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် ကျောင်းသွားဖြစ်အောင်တော့ အမေ မစွမ်း ဆောင်နိုင်ခဲ့ပါဘူး။ မိသားစုရဲ့ မီးလျှံတွေကို ကျောပိုးအိတ်ထဲ ထည့်လွယ်ပြီး စာသင်ခန်းထဲမှာ တခြားသူတွေရဲ့ ဘဝအကြောင်းကို သင်ယူဖို့ ဆိုတာ ကျွန်တော့် အတွက် မဖြစ်နိုင်ပါဘူး။

"မင်းအဖေ မရှိလို့ မင်း ကျောင်းမနေရဘူး ဆိုတာတော့ မဖြစ်စေချင် ဘူးကွာ..."

နောက်နေ့တွေမှာ ကျောင်းပြန်သွားမယ် ဆိုတဲ့ ကတိကိုတော့ အမေ့ကို ပေးခဲ့ရပါတယ်။ ဒီကတိဟာ သေချာမယ်၊ မသေချာဘူးကိုတော့ ကျွန်တော် အာမ, မခံနိုင်ကြောင်း ကျွန်တော်သာ အသိဆုံး။

အဲဒီနေ့ မနက်ဟာ ကျွန်တော့်အတွက် လုံးဝ ပြီးပြည့်စုံတဲ့ ပြဿဒါး နေ့တစ်နေ့ပါပဲ။ ဘာကြောင့်ရယ် မသိ၊ မကြီးသီတာတို့လည်း ဆိုင်မထွက်ဘူး လေ။ ကျွန်တော့်ဘဝအတွက် ကွက်လပ်နှစ်ခု ဖြစ်ခဲ့ရတဲ့ နေ့ပေါ့။

❖ ❖ ❖

အဲဒီညနေခင်းက ကျွန်တော် လက်ဖက်ရည် မသောက်ဖြစ်ခဲ့ဘူး။

●

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း(၁)

# ဂယက်များစွာ

## (၁)

“ည ခုနစ်နာရီလောက်ပေါ့၊ ဗီဒီယိုအခွေ သွားပြန်အပ်မယ် ဆိုပြီး ဆင်းသွားလိုက်တာလေ… ဗီဒီယိုခွေဆိုင်က အောက်က မြေညီထပ်တင်၊ သွားနေကျ လာနေကျ၊ သူ ဒီရောက်နေတာပဲ နှစ်နဲ့ ချီနေပြီ၊ ဒီလိုပဲ ညနေခင်းဆို ကြည့်ပြီးသား အခွေ သွားပြန်အပ်လိုက်၊ အခွေသစ် ပြန်ငှားလာလိုက်နဲ့၊ ဒီလိုပဲ လုပ်နေကျပဲ …”

“အဲဒီညနေကတော့ ဆင်းသွားလိုက်တာ… ည ခုနစ်နာရီခွဲလည်း ပြန်တက်မလာ၊ ရှစ်နာရီ ထိုးလည်း ပေါ်မလာ၊ အဲ… ရှစ်နာရီခွဲ ကိုးနာရီလောက်ကျတော့ ကျွန်မတို့လည်း မနေသာတော့ဘူး၊ သားအမိနှစ်ယောက် အောက်ဆင်း

mgyoe.com